မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်　　၂၀၁၅ ခုနှစ်၊ မေ ၁၄ ရက်၊ ကြာသပတေးနေ့　　အတွဲ [၅၄]၊ အမှတ် [၂၂၁]

ဝီရိယနှင့် ဆန္ဒအကျိုး

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။ **(မူလဋီ၊ ၃၊ ၁၆၉။)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အားလက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အီဇူမိနှင့်အဖွဲ့ဝင်များ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်း၊ စာမျက်နှာ-၃ (သတင်းစဉ်)

"သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး"

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

စာ-၈

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆွဲဆောင်မှုအားကောင်းသောနယ်စပ်မြို့

နယ်စပ်မြို့များသည် တိုင်းပြည်တစ်ပြည်၏ တံခါးပေါက်များပင်ဖြစ်ပါသည်။ တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည် ဆက်ဆံကူးလူးသွားလာရာ၌သော်လည်းကောင်း၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုပြုရာတွင်သော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း နယ်စပ်မြို့များမှာအထူးအချက်အချာကျလှသည်။ နယ်စပ်မြို့များသည် နိုင်ငံ၏ တံခါးပေါက်များသဖွယ် အရေးပါလှသည်။ ထို့ကြောင့်လည်း နိုင်ငံအများစုက နယ်စပ်မြို့များကို တစ်ဖက်နိုင်ငံနယ်စပ်မြို့များနှင့်အပြိုင် ဖွံ့ဖြိုးလာအောင် စနစ်တကျအကောင်အထည်ဖော် တည်ဆောက်ကြလေ့ရှိပါသည်။ တစ်နည်းအားဖြင့် ဆွဲဆောင်မှုအားကောင်းသောနယ်စပ်မြို့များအဖြစ် တည်ဆောက်ကြလေ့ရှိပါသည်။

ဆွဲဆောင်မှုကောင်းသောမြို့ဟူသည်ကား တစ်ဖက်နိုင်ငံမှ ခရီးသွားများ၊ ကုန်သွယ်စီးပွားလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆွဲဆောင်နိုင်စွမ်းရှိခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ထိုဆွဲဆောင်မှုများမှတစ်ဆင့် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ နယ်စပ်မြို့များကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်ထားခြင်းသည် အခွင့်အလမ်းများစီးဝင်လာအောင် စီမံထားခြင်းလည်း ဖြစ်ပါသည်။ များမကြာမီက မဲခေါင်မြစ်ကူး မြန်မာ-လာအိုချစ်ကြည်ရေးတံတားကို နှစ်နိုင်ငံခေါင်းဆောင်များကိုယ်တိုင် တက်ရောက်၍အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဤတံတားဖွင့်လှစ်နိုင်ခြင်းကြောင့် မြန်မာနှင့်လာအိုချစ်ကြည်ရေးသာမက ကုန်းလမ်းကြောင်းဖြင့် ဗီယက်နမ်နိုင်ငံအထိ တောက်လျှောက် သွားရောက်နိုင်မည်ဖြစ်၍ အရှေ့အနောက်စင်္ကြံလမ်းမကြီးသဖွယ် တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် ဤမြန်မာ-လာအိုချစ်ကြည်ရေးတံတားနှင့် အနီးဆုံးဖြစ်သည့် ကျိုင်းလပ်မြို့ကို တစ်နှစ်အတွင်း တိုးတက်သောမြို့အဖြစ် တည်ဆောက်သွားရန် စီစဉ်လျက်ရှိပါသည်။

ကျိုင်းလပ်မြို့ကို ကုန်စည်စစ်ဆေးရေးစခန်း၊ စာသင်ကျောင်းများ၊ ဈေးများ၊ ဆေးရုံနှင့်ဆေးခန်းများ၊ တယ်လီဖုန်းဆက်သွယ်ရေးစနစ်များ၊ ရေ၊ မီး၊ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများ၊ ဒေသတွင်း စားသုံးမှုဖူလုံရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အစရှိသဖြင့် စနစ်တကျဖွံ့ဖြိုးလာအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လေယာဉ်ငယ်များဆင်းသက်နိုင်အောင် လက်ရှိလေဆိပ်ဟောင်းကိုပြုပြင်ခြင်းနှင့် မဲခေါင်မြစ်ကူးတံတား၏ အထက်ပိုင်းနှင့်အောက်ပိုင်းတို့တွင်လည်း သင်္ဘောဆိပ်များ ထည့်သွင်းတည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ ကျိုင်းလပ်မြို့သည် အနာဂတ်တွင်ခရီးသွားများ၊ ကုန်သွယ်မှုလုပ်ငန်းများဖြင့် စည်ကားတိုးတက်သော နယ်စပ်မြို့အဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ပါသည်။ စည်ကား တိုးတက်သောမြို့အဖြစ် ပြောင်းလဲလာမှုနှင့်အတူ နယ်စပ်ဒေသအလုပ်အကိုင်အခွင့်အလမ်းများ၊ ခရီးသွားဧည့်သည်များ တိုးတက်မှုများပြားလာခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာခြင်း စသော အကျိုးကျေးဇူးများဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ဤကဲ့သို့ နယ်စပ်မြို့များကို ဆွဲဆောင်မှုအားကောင်းသောမြို့များအဖြစ် တည်ဆောက်နိုင်ခြင်းဖြင့် အခွင့်အလမ်းများစွာတို့သည်လည်း ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း။ ။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မီးဘေး၊ လေဘေးသင့်များအတွက် ငွေနှင့်အိမ်မိုးသွပ်ပြားများထောက်ပံ့

နေပြည်တော် မေ ၁၃

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် မေ ၇ ရက်က တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ အိုးလုပ်ရပ်ကွက် မီးလောင်ပြင်နှင့် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကယ်ဆယ်ရေးဂိုဒေါင်ကို ကြည့်ရှုစစ်ဆေးသည်။

မေ ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွား ရိပ်သာများ၊ လူငယ်ပရဟိတဂေဟာများနှင့် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် ၆၇၀ ဒသမ ၀၁ သိန်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိုးလုပ်ရပ်ကွက် မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၅၃ ဒသမ ၂၇၅ သိန်းနှင့် သိန်း ၁၃၀ ခန့်တန်ဖိုးရှိ သွပ်ချပ် ၁၈၅၀ တို့ကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးသည်။ ထို့အပြင် လောင်းလုံးမြို့နယ် မောင်းမကန်စံပြကျေးရွာသို့ ရောက်ရှိပြီး မူကြိုကျောင်း တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

မေ ၉ ရက်က ကျွန်းစုမြို့နယ် ခိုတောင်ကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၂ ဒသမ ၄၄၅ သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ မြိတ်မြို့နယ် စားမြိန်တောင်ကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၁၂ ဒသမ ၈၁၈ သိန်းကို သက်ဆိုင်သူများ ထံ ထောက်ပံ့ပေးအပ်ပြီး ကျွန်းစုမြို့ မူကြိုကျောင်း တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

မေ ၁၀ ရက်က ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု ဒုံးပုလဲအော် ဆလုံကျေးရွာသို့ အမြန်ရေယာဉ်ဖြင့် အသုံးအဆောင် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ပုလဲကျွန်း၌ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ



ရေးမြစ်ကူးတံတား သန့်ရှင်းရေး စောင့်ကြည့်ပေးစေလို

ရေးမြစ်ကူးတံတားသည် ကားလမ်းနှင့် ရထားလမ်းပါရှိပြီး ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေး-ထားဝယ် မီးရထားလမ်းကို ဆက်သွယ်သွား လာနေကြသော ပြည်သူများမှာ အချိန်အခါမရွေး သွားလာခွင့်ရရှိကြ၍ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံးအတွက် အရေးကြီးသည့် တံတားတစ်စင်းဖြစ်သည်။

အဆိုပါ ရေးမြစ်ကူးတံတား၏ သံကူကွန်ကရစ်တံတားပေါင်ပေါ်တွင် အပင်ပေါက်နေသော ညောင်ပင်က သေးငယ်သော်လည်း ညောင်ပင်၏အမြစ်များမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုကြီးမားလာပြီး တံတားကိုအမြစ်များ ထိုးဖောက်ဖွယ်ရှိသဖြင့် အန္တရာယ်များရှိကာ စိုးရိမ်ရသောအခြေအနေသို့ မရောက်ရှိမီ တာဝန်ရှိသူများအနေဖြင့် တံတားသန့်ရှင်းသာယာလှပစေရေးအတွက် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ဖယ်ရှားပေးစေလိုကြောင်း အငြိမ်းစား ဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရ သိရသည်။

နေမျိုးထွဋ်(ရေး)

တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ အခမဲ့ကုသ

လှိုင်းဘွဲ့ မေ ၁၃

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ နောင်တိုင်ကျေးရွာအုပ်စု မဲဆမိတ်ကျေးရွာ အလယ်တန်းကျောင်းတွင် အမှတ် (၅) စစ်မြေပြင်ဆေးတပ်ရင်းနှင့် အမှတ် (၃) တပ်မတော်စစ်ဆေးရုံ ခုတင် (၃၀၀)မှ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးစီး၍ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က မေ ၁၁ ရက်က အခမဲ့ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်နှင့်စာအုပ်စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၅-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၀၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၂၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၀၄၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၉၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၁၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၁၃၀-၁၁၃၅
ဥရောပ	တစ်ယူရို	၁၂၄၀-၁၂၅၄
စင်ကာပူ	တစ်ဒေါ်လာ	၈၂၅-၈၃၅
ထိုင်း	တစ်ဘတ်	၃၄-၃၅
အိန္ဒိယ	တစ်ရူပီး	၁၆.၈-၁၈
တရုတ်	တစ်ယွမ်	၁၇၅-၁၈၀
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၈

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန် (အသစ်)	တစ်အိတ်	၁၈၀၀၀-၁၈၅၀၀
ပေါ်ကျွဲ	တစ်အိတ်	၂၆၅၀၀-၂၈၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၃၀၀၀၀-၃၅၀၀၀
မြေပဲဆီ	တစ်ပိဿာ	၅၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၉၃
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၇၅-၄၂၅
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၂၀၀-၁၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၂၄၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၈၀-၆၉၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၉၀၀-၃၀၀၀
ငရုတ်ပွ (မြစ်ဝ)	တစ်ပိဿာ	၅၀၀၀-၇၂၀၀
သကြား	တစ်ပိဿာ	၁၀၂၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇော်ဒုတင်ပြသည်။

သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၁၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အီဇုမီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တာတရို ဟီဂူချီလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေး၊ ဆက်သွယ်ရေးနှင့် စက်မှုကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ချိရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

ဒုတိယသမ္မတ ဦးညွန့်ထွန်း အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်မြအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

နေပြည်တော် မေ ၁၃

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညွန့်ထွန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အကဲဖြတ်အဖွဲ့ဝင်ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြ၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများကိုယ်စား ကချင်ပြည်နယ် အုပ်ချုပ်သူ အဖွဲ့ခေါင်းဆောင် ဒေါ်ကေဒွဲဘူနှင့် အခမ်းအနားမှူးများကိုယ်စား အခမ်းအနားမှူး ဦးသူရိန်လွင်တို့က လက်ခံရယူကြသည်။

ယင်းနောက် အကဲဖြတ်အဖွဲ့ဝင်ပညာရှင်များကိုယ်စား အကဲဖြတ်ပညာရှင် မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များ ကြည့်ရှုကာ ဂုဏ်ပြုညစာ သုံးဆောင်ကြသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

မှတ်ပုံတင်ခြင်းကို မေ ၁၅ ရက်မှ ၃၁ရက်အထိ ဆောင်ရွက်ရန်နှင့်ဝင်/ထွက်ခွင့်ကတ်များကို ဇွန် ၂၀ ရက်တွင် နံနက် ၁၀နာရီမှညနေ ၄ နာရီအထိ Sky Palace Hotel၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှ တစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဖုန်း ၀၉-၂၅၀၉၆၆၀၇၈၊ ၀၉-၅၁၇၇၀၉၂၊ ၀၉-၇၉၉၅၇၆၆၃၀ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၅နှင့် ၄၁၂၁၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိုးစပါးပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေး

မင်းလှ မေ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ မိုးစပါးပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သရက်တပင် ပညာပေးစခန်း၌ မေ ၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် နေပြည်တော် ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုကိုက တောင်သူလယ်သမားများ၏ ဝင်ငွေနှစ်ဆတိုးတက်ရေး၊ လူမှုစီးပွားတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးရန် ဆွေးနွေးပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်က ရေတော်မိုးတော်ရေိယာများတွင် တစ်ဧကစပါးအထွက်နှုန်းတိုးတက်ရန်အတွက် ကျေးရွာအုပ်စုပြတ် ပုလဲသွယ်စပါးစိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ဆွေးနွေးပြောကြားသည်။

ပေါက်စ (iprd)

အငြင်းပွားနေသော တောင်တရုတ်ပင်လယ် ကျောက်တန်းများအနီးတွင် လေယာဉ်တင်သင်္ဘောနှင့် သင်္ဘောများပို့လွှတ်ရေး ပင်တဂွန်စဉ်းစား

ဝါရှင်တန် မေ ၁၃

အငြင်းပွားနေသော တောင်တရုတ်ပင်လယ်၌ တရုတ်တို့ပြုလုပ်ထားသောကျွန်းတုများ အစီအရီထွက်ပေါ်လာချိန်တွင် ရေကြောင်း၊ လေကြောင်း လွတ်လပ်စွာသွားလာနိုင်ရေးအတွက် အမေရိကန်စစ်လေယာဉ်တင် သင်္ဘောများနှင့် သင်္ဘောများကို ပင်တဂွန်က စေလွှတ်ရန် စဉ်းစားနေသည်ဟု အမေရိကန်ဌာနဆိုင်ရာက အင်္ဂါနေ့က ပြောကြားလိုက်သည်။

စပရက်တလီကျွန်းတွင် တရုတ်တို့တည်ဆောက်နေသော ကျောက်တန်းများမှ ရေမိုင် ၁၂ မိုင်အတွင်း အဆိုပါယာဉ်များ လှုပ်ရှားသွားလာခွင့်ပြုရန် ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက တောင်းဆိုခဲ့သည်။

အဆိုပါ လှုပ်ရှားမှုသည် အရှေ့တောင်အာရှ၏ အဓိကရေပိုင်နက်တွင် တရုတ်တို့ အင်အားဖြန့်ကြက်လွှမ်းမိုးထားမှုကို တိုက်ရိုက်စိန်ခေါ်လိုက်ခြင်းပင်ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေး လမ်းကြောင်းတွင် ရေကြောင်း၊ လေကြောင်း လွတ်လပ်စွာသွားလာခွင့်ကို ပြသရန်အတွက် ယခုကဲ့သို့ စဉ်းစားခြင်းဖြစ်သည်ဟု တာဝန်ရှိသူက ပြောသည်။

အင်္ဂါနေ့က ဝေါစထရိဂျာနယ်တွင် ဖော်ပြခဲ့သော ကာတာ၏ ပထမတောင်းဆိုချက်မှာ ရေတပ်မှ ကင်းလှည့်လေယာဉ်များ အဆိုပါကျွန်းပေါ်မှ ဖြစ်ကျော်ပျံသန်းခွင့်ဖြစ်သည်။

ယခုသီတင်းပတ် ဂွန်ကယ်ရီ၏ တရုတ်ခရီးစဉ်တွင် တောင်တရုတ်ပင်လယ်အရေး အဓိကထား ဆွေးနွေးမည့်အပေါ် အိမ်ဖြူတော်နှင့် ပင်တဂွန်ဌာနချုပ်တို့က မှတ်ချက်တစ်စုံတစ်ရာ မပေးသေးပေ။

၄င်းခရီးစဉ်တွင် ပြီးခဲ့သော ဇွန်လက ဝါရှင်တန်၌ ကျင်းပခဲ့သော အမေရိကန်-တရုတ် မဟာဗျူဟာနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲအစီအစဉ်များ ပြင်ဆင်ချက်များ အပေါ် အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရိုက်တာ**

အမ်ထရက်ခ် ခရီးသည်တင်ရထားတစ်စင်း ဖီလာဒဲလဖီးယားတွင် လမ်းချော်

ဖီလာဒဲလဖီးယား မေ ၁၃

ခရီးသည် ၂၀၀ တင်ဆောင်လာသော အမ်ထရက်ခ်ခရီးသည်တင် မီးရထားတစ်စင်းသည် ဖီလာဒဲလဖီးယားမြောက်ပိုင်း၌ အင်္ဂါနေ့ညက ရထားလမ်းချော်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ငါးဦးသေဆုံးခဲ့ပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကာ ဒဏ်ရသူအများစုမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

အာဏာပိုင်များက ရထားဘီးချော် တိမ်းမှောက်မှုနှင့်ပတ်သက်၍ မည်သို့ဖြစ်ပွားကြောင်း မသိရသေးဟု ပြောခဲ့သည်။ ရထားတွဲများပေါ်မှ ခရီးသည်များသည် ကမ္ဘာပျက်သကဲ့သို့ဖြစ်ကာ ၄င်းတို့၏လက်ဆွဲသေတ္တာ၊ ခရီးဆောင်အိတ်များမှာလည်း ပြန့်ကျဲကုန်ကြောင်း အသက်ရှင်ကျန်ရစ်သူများက ကြောက်စရာကောင်းသော အနိဋ္ဌာရုံမြင်ကွင်းကို ပြောပြခဲ့သည်။

ဖီလာဒဲလဖီးယား မြို့တော်ဝန်က သတင်းစာရှင်းလင်းပွဲ၌ ရထားတိမ်းမှောက်မှုဖြစ်စဉ်တွင် အနည်းဆုံး ငါးဦးသေဆုံးပြီး အခြား ၆၅ ဦးကို ဒေသန္တရဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ၄င်းတို့ထဲမှ ခြောက်ဦးမှာ ဒဏ်ရာအပြင်းအထန် ရထားကြောင်း ၄င်းမြို့တော်ဝန်က ပြောကြားခဲ့သည်။

ဖီလာဒဲလဖီးယား ဒေသန္တရဆေးရုံနှင့် ကျန်းမာရေးစောင့်ရှောက်မှုက ရထားလမ်းချော်မှုကြောင့် စုစုပေါင်းလူနာ ၁၃၅ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

ရထားလမ်းချော်မှုသည် အလွန်ကြီးမားသော ဘေးအန္တရာယ်ဆိုး ကြီးတစ်ခုဖြစ်ကြောင်း၊ ၄င်း၏ဘဝတွင် တစ်ခါမှ ဤသို့မမြင်ဖူးခဲ့ကြောင်း မြို့တော်ဝန်က ပြောကြားခဲ့သည်။

ဝါရှင်တန်မှ နယူးယောက်သို့ အသွား ရထားလမ်းချော်မှုဖြစ်ခဲ့သည့် ခရီးသည်တင်ရထား အမှတ် ၁၈၈ ပေါ်တွင် ခရီးသည် ၂၃၈ ဦးနှင့် ဝန်ထမ်းငါးဦးတို့ ပါရှိခဲ့သည်။

(ရိုက်တာ)

ကရာချိ၌ ခရီးသည်တင်ယာဉ် ရုတ်တရက်တိုက်ခိုက်ခံရ၊ ၄၁ ဦးသေဆုံး

အစ္စလာမ္မာဘတ် မေ ၁၃

ပါကစ္စတန်တောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့၌ ဗုဒ္ဓဟူးနေ့က ခရီးသည်တင်ယာဉ်တစ်စီးကို သေနတ်သမားများက ပစ်ခတ်ခဲ့ရာ လူ ၄၁ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကရာချိမြို့ ဆာဖူးရာချိုရန်ဂီ၌ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲခန့်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အကြီးတန်းရဲအရာရှိက ပြောခဲ့သည်။ သေနတ် သမားခြောက်ဦးမှ ရှစ်ဦးခန့်သည် ဘတ်စ်ကားပေါ်ရှိ ခရီးသည်များအား သေနတ်ဖြင့် တရစပ်ပစ်ခတ်ခဲ့ပြီး နေရာမှထွက်ပြေးသွားခဲ့သည်။

၄င်းကားသည် အထူးအဖွဲ့အစည်းတစ်ခုမှ လူ ၆၅ ဦးခန့်ကို တင်ဆောင်လာသည်။ ကားမောင်းသူအပါအဝင် အမျိုးသမီး ၁၅ ဦးနှင့် အမျိုးသား ၂၅ ဦးတို့သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူများကို အက်ဘာဆီရှာဟီးဒ်နှင့် ဂျင်းနားဆေးရုံများသို့ ပို့ဆောင်ခဲ့သည်။

အခင်းဖြစ်ပွားရာ၌ ရဲများကပိတ်ဆို့ဝန်းရံလျက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါတိုက်ခိုက်မှုကို မည်သည့်အဖွဲ့ကကျူးလွန်ကြောင်း မသိရှိရသေးပေ။ ဝန်ကြီးချုပ် အလီရှားက အဆိုပါတိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချလိုက်ပြီး ရဲအရာရှိနှစ်ဦးကို ရာထူးချထားလိုက်သည်။

(ဆင်ဟွာ)

နီပေါ၌ငလျင်ကြီး ထပ်မံလှုပ်ပြန်၍ ကယ်ဆယ်ရေးပြန်စ

ခတ္တမန္ဒူ မေ ၁၃

နီပေါနိုင်ငံတွင် အင်္ဂါနေ့က ထပ်မံလှုပ်ခတ်ခဲ့သော မြေငလျင်အတွင်း သေဆုံးဒဏ်ရာရသူများအား ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်သည်။ အင်္ဂါနေ့က ငလျင်ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိ မြေငလျင်ကြီး ထပ်မံလှုပ်ခတ်ခဲ့ပြီးနောက် နီပေါ၌အနည်းဆုံး ၆၅ ဦးသေဆုံးပြီး ၂၀၀၀ နီးပါး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ပြီး အိန္ဒိယတွင်လည်း ၄င်းငလျင်ကြောင့် အနည်းဆုံး ၁၇ ဦးသေဆုံးခဲ့သည်ဟုဆိုသည်။ ပျောက်ဆုံးသွားသည့် လူရှစ်ဦးပါ အမေရိကန် ကယ်ဆယ်ရေးရဟတ်ယာဉ်ကို ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ထောင်ပေါင်းများစွာသော နီပေါလူမျိုးများသည် နေအိမ်အပြင်ဘက်တွင် အိပ်ခဲ့ရသည်။

လူပေါင်း ၈၀၀၀ ကျော် သေဆုံးခဲ့သော ဧပြီ ၂၅ ရက် က လှုပ်ခဲ့သည့် ၇ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ပြီးကတည်းက အများအပြား နေအိမ်သို့မပြန်ဘဲရှိသည်။ အင်္ဂါနေ့ကလှုပ်သော ငလျင်သည် မြို့တော်ခတ္တမန္ဒူ အရှေ့ဘက် ၄၇ မိုင်ခန့်အကွာ နန်ချေဘဇားမြို့ အနီးကို ဗဟိုပြု၍ လှုပ်ခဲ့သည်ဟု ဆိုသည်။ အဆိုပါ ငလျင်လှုပ်ခဲ့ပြီး မိနစ် ၃၀အကြာ ၆ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ပြီး ငလျင်ငယ်ပေါင်း များစွာ ဗုဒ္ဓဟူးနေ့ နံနက်အထိ လှုပ်ခဲ့သည်ဟုဆိုသည်။ **(ရိုက်တာ)**

မြန်မာ့ပတ္တမြားလက်စွပ် လေလံပွဲ၌ ဆွစ်ဖရန့်စ် ၂၈ ဒသမ ၃ သန်းဖြင့် ကမ္ဘာ့စံချိန်တင်ဈေးရရှိ

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၁၂ ရက်က ကျင်းပသည့် လေလံပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ခိုသွေးရောင်ကြီးမားသော ပတ္တမြားတစ်ပွင့်ကို ဆွစ်ဖရန့်စ် ၂၈ ဒသမ ၃ သန်း (အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃ သန်း)ဖြင့် ရောင်းချခဲ့ပြီး လေလံပွဲသမိုင်းတစ်လျှောက် တန်ဖိုးအကြီးမားဆုံး ပတ္တမြားဖြစ်လာခဲ့ကြောင်း လေလံကုမ္ပဏီ Sotheby က ပြောကြားသည်ဟု dpa သတင်းဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြသည်။

အဆိုပါဈေးနှုန်းမှာ ပတ္တမြားတစ်ပွင့်အနေဖြင့် ကမ္ဘာ့အမြင့်ဆုံးဈေးနှုန်းအဖြစ် စံချိန်တင်ခဲ့သလို ပြင်သစ်လက်ဝတ်ရတနာကုမ္ပဏီ ကာတီးယားလက်ဝတ်ရတနာ လုပ်ငန်းမှာ လေလံပွဲ၌ စံချိန်တင် ဈေးနှုန်းတစ်ရပ် ရရှိခဲ့ခြင်းဖြစ်သည်။

"The Sunrise" ဟု အမည်ပေးထားသည့် အဆိုပါ ပတ္တမြားမှာ အလေးချိန် ၂၅ ဒသမ ၅၉ ကရက်ရှိပြီး ပြင်သစ် လက်ဝတ်ရတနာ ကုမ္ပဏီ ကာတီးယားက လက်စွပ်တစ်ကွင်းပေါ်တွင် အလှဆင်၍ ဒီဇိုင်းပုံဖော်ထားသည်။ "ဒီလိုအရွယ်အစားနဲ့ ခိုသွေးရောင်ရှိတဲ့ မြန်မာ့ပတ္တမြားက အလွန်ကို ရှားပါးပါတယ်" ဟု Sotheby နိုင်ငံတကာ လက်ဝတ်ရတနာဌာန အကြီးအကဲ ဒေးဗစ်ဘန်းနက်က လေလံပွဲမတိုင်မီ ပြောကြားသည်။

အဆိုပါ လက်စွပ်၏တန်ဖိုးကို ဆွစ်ဖရန့်စ် ၁၁ ဒသမ ၇ သန်းနှင့် ၁၇ ဒသမ ၅ သန်းကြားဟု ခန့်မှန်းတွက်ချက်ထားသည်။

ဘာသာပြန် - သုတ

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့ ဘဲလ်ဂရိတ်ခံတပ်နှင့် Military Museum သို့ လေ့လာ

နေပြည်တော် မေ ၁၃

ဆားဗီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၂ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဘဲလ်ဂရိတ်မြို့ Sava မြစ်နှင့် Danube မြစ်ဆုံတွင်တည်ရှိသည့် ဘဲလ်ဂရိတ်ခံတပ်သို့ သွားရောက်လေ့လာကြသည်။ **(ယာပုံ)**

ယင်းနောက် ခံတပ်ရှိ Military Museum သို့ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဆားဗီးယားတပ်မတော်နှင့်ပတ်သက်သည့် အထောက်အထားမှတ်တမ်းများအား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ဘဲလ်ဂရိတ်မြို့ရှိ ဆားဗီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်တွင် သံအမတ်ကြီးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသောညစာစားပွဲသို့တက်ရောက်ပြီး သံရုံးဧည့်ခန်းမ၌ သံရုံးမိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားသည်။

(မြဝတီ)

❀ ကျောဖုံးမှ

မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ ယခင်က အသိအမှတ်ပြုထားသော ထန်တလန်မြို့နယ် ကျေးရွာ ၇၆ ရွာရှိသည့်အနက် မြေပြင်အခြေအနေနှင့် ကိုက်ညီမှုမရှိသည့် တလွန်ရမ်(ခ)ကျေးရွာကို ပယ်ဖျက်၍ အမှန်တကယ်ရှိနေသော ဆန်ပချုံး၊ စာကျက်၊ မွန်ထာရ်၊ အာရ်ကျိရ်၊ သီကီရ်(ခ)၊ လေတပ်(ဇီပီး)၊ အင်မွန်ပီး၊ ဖာရ်တလန်၊ ခွာပီလို၊ ခွာဘုံ(ခ)၊ တလန်ရွာ(ခ)နှင့် သီဆင်း(ခ)စသည့် ကျေးရွာများကို အတည်ပြုပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်းဖြစ်ရာ ယခုအခါ ထန်တလန်မြို့နယ်ကို ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇ အုပ်စု၊ ကျေးရွာပေါင်း ၈၇ ရွာဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့ ဆားဗီးယားနိုင်ငံမှ ယူအေအီးနိုင်ငံသို့ ဆက်လက်ထွက်ခွာ

နေပြည်တော် မေ ၁၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဆားဗီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင်ရောက်ရှိရာ လေဆိပ်၌ ဆားဗီးယားတပ်မတော်မှ Head of the Management for the Stategic Planning of the Sector for the Defence Policy ဖြစ်သူ ဗိုလ်မှူးချုပ် Slobodan Joksimovic နှင့် တာဝန်ရှိသူများ၊ ဆားဗီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ထွန်းနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဆားဗီးယား နိုင်ငံ ဘဲလ်ဂရိတ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒေသစံတော်ချိန် ၁၂ နာရီ ၅၅ မိနစ်တွင် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

အမျိုးသမီးများကိုယ်တိုင်စွမ်းဆောင်သည့် လူနေမှုပုံစံမြင့် စံပြကျေးရွာဖြစ်မြောက်ရေး သင်တန်းဖွင့်

မော်လမြိုင် မေ ၁၃

ကျေးလက်နေ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ပြီး အသိပညာဗဟုသုတများ မြင့်မားလာစေရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့ခမယ်ကျေးရွာ၌ပြုလုပ်သည့် ကျေးရွာနေ အမျိုးသမီးများကိုယ်တိုင် စွမ်းဆောင်သည့် ကျေးရွာဗဟိုပြုအမျိုးသမီးငယ်များ၏ လူနေမှုပုံစံမြင့် စံပြကျေးရွာဖြစ်မြောက်ရေးသင်တန်းဖွင့်ပွဲကို မေ ၁၃ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ခင်မာထွန်းနှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မာထွန်းက သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးများဘဝ မြင့်တင်ရေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က သင်ထောက်ကူပစ္စည်းများကိုပေးအပ်ရာ သင်တန်းသူများကလက်ခံပြီး မွန်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌက မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့သို့ ဝတ်စုံများနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။

အဆိုပါသင်တန်းကို မေ ၁၄ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး မော်လမြိုင်မြို့နယ်အတွင်းရှိ ဖားအောက်၊ ရိုးဂိုးနှင့် ကော့ခမယ်ကျေးရွာများမှ သင်တန်းသူ ၃၀ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ် မုဒုံမြို့နယ် ဝင်းစိန်တောရကျောင်းစံကျောင်းတော် ဆောက်လုပ်ရန်အတွက် အလှူငွေများလှူဒါန်းပေးအပ်ပြီး မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက်ရှိ အမျိုးသမီးစောင့်ရှောက်ရေးရိပ်သာတွင် စောင့်ရှောက်ထားရှိသော အမျိုးသမီးငယ် ၁၆ ဦးအတွက် အထောက်အကူပြု အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဇမ္ဗူသီရိမြို့နယ်၌ ကုစားစာမေးပွဲ ကျောင်းသား ၆၀၀ ကျော် ပြန်ဖြေရမည်

နေပြည်တော် မေ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တိုင်းဒေသကြီး မေးခွန်း အဋ္ဌမတန်းနှင့် ခရိုင်မေးခွန်း စတုတ္ထတန်း အစိုးရစစ်အား နောက်ထပ်တစ်ကြိမ် ပြန်လည်ကုစားစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၄၈ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဋ္ဌမတန်း ကုစားစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူ ၃၁၃ ဦးအား ဖြေဆိုဌာန ၁၀ ခု၊ စတုတ္ထတန်း ကုစားစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၃၃၅ ဦးကို စာဖြေဌာန ၁၃ ခု ဖွင့်လှစ်ထားပြီး မေ ၁၄ ရက်မှ ၁၆ ရက်အထိ ဘာသာရပ်များကို သတ်မှတ်ချိန်အတွင်း ဖြေဆိုကြရမည်ဟု သိရသည်။

ကုစားစာမေးပွဲများကို မဖြေဆိုမီ အခြေခံပညာဦးစီးဌာနက စာမေးပွဲကျရှုံးသူများကို ပြန်လည်ကုစားသင်ကြားမှုကို ဧပြီ ၂၇ ရက်မှ မေ ၈ ရက်အထိ အချိန်ကာလသတ်မှတ်ပေးထားသော်လည်း ဇမ္ဗူသီရိမြို့နယ်ပညာရေးဌာနအနေဖြင့် အောင်ချက်ရာခိုင်နှုန်းပေါ်မူတည်၍ ကျောင်းသားကျောင်းသူများ၏ အခွင့်အရေးကို ကြည့်ကာ ဧပြီ ၂၃ ရက်မှစတင်ပြီး ကုစားသင်ကြားမှုကို ပြုလုပ်ပေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်အောင်က ပြောကြားသည်။

ဧပြီ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သော ဇမ္ဗူသီရိမြို့နယ် ပညာရေးဌာန၏ အောင်စာရင်းထုတ်ပြန်ချက်အရ စတုတ္ထတန်းဖြေဆိုသူ ၁၃၈၁ ဦးအနက် ၁၀၄၆ ဦး အောင်မြင်ခဲ့သည့်အတွက် ၇၅ ဒသမ ၇၄ ရာခိုင်နှုန်း ရှိကြောင်း၊ အဋ္ဌမတန်းဖြေဆိုသူ ၁၁၄၇ ဦးအနက် ၈၃၄ ဦး အောင်မြင်ခဲ့သည့်အတွက် ၇၂ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သန့်မောင်

မန္တလေးဆေးရုံကြီး၌ အပူဒဏ်ကြောင့် ရောဂါဖြစ်ပွားသောလူနာငါးဦး တက်ရောက်ကုသ

မန္တလေး မေ ၁၃

အပူရှိန်မြင့်မားနေသည့် မန္တလေးမြို့တွင်အပူဒဏ်ကြောင့် ရောဂါဖြစ်ပွားပြီး မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီးတွင် မေ ၁၂ ရက်အထိ လူနာငါးဦး တက်ရောက်ကုသနေကြောင်း သိရသည်။

အဆိုပါ လူနာများအနက် အပူဒဏ်ကြောင့် ရိုးရိုးဖျားနာသူ သုံးဦးနှင့် အပူဒဏ်လွန်ကဲမှုကြောင့် အပူလျှပ်သူနှစ်ဦး စုစုပေါင်းငါးဦး ကုသနေပြီး ယခုအချိန်တွင် ဝေဒနာသက်သာနေပြီဖြစ်ကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးလူမှုဆက်ဆံရေးအရာရှိ ဦးမင်းလွင်က ပြောသည်။

"အပူဒဏ်ကြောင့် ဖြစ်ပွားတဲ့ ရောဂါနှစ်မျိုးရှိပါတယ်။ မူလရောဂါအခံရှိပြီးအပူချိန်ကြောင့် ဖြစ်ပွားတဲ့ ရိုးရိုးဖျားနာတဲ့လူနာရယ်၊ အပူရှိန်လွန်ကဲပြီး အသက်အန္တရာယ်စိုးရိမ်ရတဲ့အပူလျှပ်ရောဂါဖြစ်ပွားတဲ့ လူနာဆိုပြီးရှိတယ်။ ရိုးရိုးဖျားနာတဲ့လူနာကိုတော့ ရေပတ်တိုက်ပေးရုံနဲ့ကုသလွယ်သလို အပူလျှပ်လူနာကိုတော့ အရေးပေါ်လူနာအဖြစ် ရေခဲရေနဲ့ တောက်လျှောက် ရေချိုးပေးပြီး ခန္ဓာကိုယ်အပူချိန်ထိန်းနိုင်တဲ့ အထိ ကုသပေးကာ ဆေးသွင်းကုသပေးရပါတယ်ဟု" ၎င်းက ပြောကြားသည်။

မန္တလေးဆေးရုံကြီးအရေးပေါ်လူနာကုသဆောင်တွင် ဝန်ထမ်း ၁၀၀ကျော် တာဝန်ချထားခြင်း၊ ဆေးဝါးများ အလုံအလောက် ဖြည့်တင်းထားရှိခြင်း၊ လူနာများကိုကုသပြီး သက်သာလာပါက လေဝင်လေထွက်ကောင်းပြီး သက်သာချောင်ချိစွာ နေထိုင်နိုင်မည့် အခန်းများကို စီစဉ်ထားရှိပေးခြင်း၊ ရေခဲများအလုံအလောက် စီစဉ်ထားရှိခြင်း၊ ဆေးရုံကြီးနှင့် ပြင်ပလူမှုကူညီရေးအသင်းများမှ လူနာတင်ယာဉ်များကိုလည်း ကြိုတင်ပြင်ဆင်စီစဉ်ထားမှုများ ပြုလုပ်ထားကြောင်းသိရသည်။ **အောင်ရဲသွင်**

ယာယီသက်သေခံလက်မှတ်အကြောင်းသိကောင်းစရာ(၂)

ဦးဟန်ညွန့်(ဥပဒေ)

ယမန်နေ့မှအဆက်

စိစစ်မှုခံယူရဦးမည့်သူများ

ယာယီသက်သေခံလက်မှတ်ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်အရ အချိန်ကာလတစ်ခုအတွက် ယာယီထုတ်ပေးခြင်းသာဖြစ်သဖြင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများမှာ စိစစ်မှုခံယူရဦးမည့်သူများဖြစ်ကြောင်း၊ ထို့အတွက် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများအား နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဖော်ဆောင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအရေးအရာများတွင် ပါဝင်ခွင့်ပြုမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၊ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၉၁ ပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အကြောင်းပြန်စာတွင် ပါရှိပါသည်။

စိစစ်ချက်အရ

စိစစ်ချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင် ပုဒ်မ ၁၁ ပုဒ်မခွဲ (က)၌ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများအဖြစ် ပြဋ္ဌာန်းထားခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု သဘောရရှိပါကြောင်းလည်း ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းက လွှတ်တော်သို့ပြန်ကြားခဲ့ပေသည်။

နည်းဥပဒေနှင့်အညီ

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပေါ်ပေါက်လာပြီးနောက်ပိုင်းတွင် ပြည်သူများအား ဥပဒေနှင့်အညီနိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်လက်မှတ်များထုတ်ပေးခဲ့ကြောင်း မှတ်သားရပါသည်။ ထိုသို့ဆောင်ရွက်ပေးခဲ့သော်လည်း အချို့ပြည်သူများသည် မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသားအရည်အချင်းပြည့်မီမှုမရှိသကဲ့သို့ နိုင်ငံခြားသားများလည်း မဟုတ်ကြပါ။ ထိုသို့သော အခြေအနေမျိုးတွင် ထိုသူများအတွက် ကိုင်ဆောင်သင့်သည့် လက်မှတ်ထုတ်ပေးရန် အမှန်လိုအပ်လာပြန်ပါသည်။ ထိုလိုအပ်ချက်ကို မည်သို့ဖြည့်ဆည်းခဲ့ကြပါသနည်း။ နည်းဥပဒေနှင့်အညီသာ ဆောင်ရွက်ခဲ့ကြကြောင်း အောက်ပါအတိုင်း ဆောင်းပါးရှင်က လေ့လာတွေ့ရှိရပါသည်။

အထူးအမိန့်ဖြင့်

၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေအပိုဒ် ၁၃(၁)(ဂ)တွင်မှတ်ပုံတင်အရာရှိချုပ်က ယေဘုယျသို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားဖော်ပြသည့် အခြားအကြောင်းများရှိလျှင် စာရင်းထိန်းက ယာယီသက်သေခံလက်မှတ်များကို ထုတ်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ထိုနည်းဥပဒေအပိုဒ် ၁၃(၁)(ဂ)နှင့်အညီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ၂၁-၁၂-၁၉၉၅ ရက်စွဲပါ စာအမှတ်၊ ၁၀၂/မ-၁(နငသ-၄) ၆၆၄၀ /အမတဖြင့် အောက်ဖော်ပြပါ အရည်အချင်းရှိသူများအား ယာယီသက်သေခံလက်မှတ်များကို ထုတ်ပေးသွားရန် ညွှန်ကြားခဲ့ပါသည်-

(၁) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား၊ အမတ ပုံစံ(၂)ကိုင်ဆောင်ထားသူများ၏ အသက် ၁၀ နှစ်ပြည့်ပြီး မည်သည့်ကတ်ပြားမှ ထုတ်ပေးခြင်းမပြုရသေးသော သားသမီးများ၊

(၂) မူလထဲက မည်သည့်ကတ်ပြားမှ ကိုင်ဆောင်ခြင်းမရှိသည့် နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်ရန် အကျုံးမဝင်သော နိုင်ငံခြားသားမဟုတ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန်လည်း မပြည့်စုံသူများ၊

အဖြူရောင်ကတ်ပြားဖြင့်

ယာယီသက်သေခံလက်မှတ်၏ ပုံစံမှာ ပုံစံ -၃ ဖြင့် သတ်မှတ်ထားသော်လည်း ပျက်စီးလွယ်ခြင်း၊ ကိုင်ဆောင်ထိန်းသိမ်းရခက်ခဲခြင်းတို့ကြောင့် ယာယီသက်သေခံလက်မှတ်ကို အဖြူရောင်ကတ်ပြားဖြင့် ပြောင်းလဲထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ ယာယီသက်သေခံလက်မှတ်ပုံစံတွင် ဖော်ပြထားသော အမှတ်နှင့်ပတ်သက်၍ ပြည်နယ်/တိုင်း/မြို့နယ် သင်္ကေတများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် အသုံးပြုသည့်အတိုင်း အသုံးပြုပါသည်။ ဥပမာ-ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၏ ပထမဆုံးကတ်ပြားအတွက် ၁/မကန(ယ) ၀၀၀၀၀၁ ဖြစ်ပါသည်။ ကနဦးဆောင်ရွက်ချိန်တွင် ကိုယ်ရေးမှတ်တမ်းပုံစံနှစ်စောင်ကို ပြည့်စုံစွာဖြည့်စွက်ရပြီး ယာယီသက်သေခံလက်မှတ်အတွက် အခွန်အခ ခြောက်ကျပ်ကောက်ခံပါသည်။

ရည်ရွယ်ချက်

ရည်ရွယ်ချက်အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများသည် သက်ဆိုင်ရာအထောက်အထား လက်မှတ်တစ်ခုခုကိုင်ဆောင်ထားရပါမည်။ ယာယီသက်သေခံလက်မှတ်ထုတ်ပေးခြင်းမှာ မိမိနိုင်ငံအတွင်း နေထိုင်ကြောင်း သက်သေခံအထောက်အထားတစ်ရပ်အဖြစ် ထုတ်ပေးခြင်းဖြစ်ပါသည်။ မိမိနိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံခြားသားမဟုတ်သူအားလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြား(သို့မဟုတ်) ယာယီသက်သေခံလက်မှတ်တစ်ခုခုကို ကိုင်ဆောင်ထားသူများ ဖြစ်ရပါမည်။ သို့မှသာလျှင် ပြည်တွင်းနေထိုင်သူများနှင့် ပြည်ပမှ ဝင်ရောက်လာသူများကို ခွဲခြားနိုင်မည် ဖြစ်ပါသည်။ နိုင်ငံသားမည်မျှရှိသည်။ သံသယမည်မျှရှိသည်စသည်များကို လွယ်ကူစွာသိနိုင်မည် ဖြစ်ပေသည်။

ပျောက်ဆုံး/ပျက်စီးခြင်း

ယာယီသက်သေခံလက်မှတ် ပျောက်ဆုံး/ပျက်စီး မိတ္တူထုတ်ပေးရန် ပေါ်ပေါက်လာပါက ဦးစီးဌာန(ရုံးချုပ်) ၏ ၂၄-၆-၁၉၉၈ ရက်စွဲပါ စာအမှတ်၊ ၂၅၃၉/အမက ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ကြောင်း သိရှိရပါသည်-

(၁) ကာယကံရှင်မှ ပတ်စ်ပို့အရွယ် (အဖြူ/အမည်း) ဓာတ်ပုံ ၃ ပုံနှင့် ထွေ-၄ လျှောက်လွှာပုံစံ ပြည့်စုံစွာဖြည့်စွက်ပြီး အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူကို ပူးတွဲတင်ပြစေခြင်း၊

(၂) အခွန်အခငွေ ၁၀ ကျပ် ပေးသွင်းစေ၍ ကောက်ခံသည့် ပြေစာနှင့်အတူ မိမိနှင့်သက်ဆိုင်သည့် ခရိုင်ဦးစီးမှူးထံ တင်ပြ၍ အမိန့်တောင်းခံခြင်း၊

(၃) ခရိုင်ဦးစီးမှူးမှ စိစစ်၍ မှန်ကန်မှုရှိပါက ယာယီသက်သေခံလက်မှတ် မိတ္တူထုတ်ပေးရန် မြို့နယ်ဦးစီးမှူးသို့ အကြောင်းကြားခြင်း၊

(၄) ခရိုင်ဦးစီးမှူး၏ ခွင့်ပြုချက်ရရှိပါက ကာယကံရှင်အား အမြန်ဆုံး ယာယီသက်သေခံလက်မှတ် မိတ္တူထုတ်ပေးခြင်း၊

(၅) မှတ်ပုံတင်စာအုပ်၊ ထွေ ၅ ကို သီးခြားပြုစုထားရှိခြင်း။

ယာယီသက်သေခံ လက်မှတ်ပိုင်ရှင်သည် မိမိလက်မှတ်ကို လက်မှတ်အတည်ဖြစ်သည့် ကာလအပိုင်းအခြားကုန်ဆုံးပြီးနောက် ခုနစ်ရက်အတွင်း စာရင်းထိန်းထံပြန်အပ်ရမည်။ စာရင်းထိန်းသည် လိုအပ်လျှင် နောက်ထပ်မည်ရွေ့မည်မျှကာလအပိုင်းအခြားအတွက် လက်မှတ်အတည်ဖြစ်ကြောင်း ထပ်ဆင့်လက်မှတ်ရေးထိုး၍ ထိုလက်မှတ်ကိုသော်လည်းကောင်း ပြန်လည်ထုတ်ပေးနိုင်

အပြည်ပြည်ဆိုင်ရာ(စံ)များ

တည်ဆဲနိုင်ငံသားဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များသည် အပြည်ပြည်ဆိုင်ရာ (စံ)များနှင့် ညီညွတ်ခြင်း၊ ဆီလျော်မှုတခြင်း ရှိ/မရှိ ၊လူ့အခွင့်အရေးများ၊ ပြဋ္ဌာန်းချက်များနှင့် ကင်းကွာမှု ရှိ/မရှိ၊ အားသာချက်၊ အားနည်းချက်များ ရှိ/မရှိ ၊ လက်တွေ့ဘဝနှင့် ကင်းကွာခြင်း ရှိ/မရှိ ၊ နိုင်ငံနှင့်လူမျိုးအတွက် ဦးတည်ချက် ထား/မထား စသည့်အချက်များကို ပညာရှင်အသီးသီး၏ အကြံပြုချက်၊ တာဝန်ရှိပြည်သူအပေါင်း၏ ပူးပေါင်းမှုကို ကြိုဆိုလိုက်ပါသည်။ ယာယီသက်သေခံလက်မှတ်နှင့် ဆက်စပ်ပတ်သက်သော အချက်အလက်များ (အချို့)ကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ် ဆောင်ရွက်သင့်ပါသည်။

ဌာနဆိုင်ရာဝန်ထမ်းများ၏ စေတနာ

အထက်ပါ လုပ်ငန်းစဉ်တစ်ရပ်လုံးနှင့် ဆက်စပ်ပတ်သက်ကြကုန်သော ဌာနဆိုင်ရာဝန်ထမ်းများ၏ လုပ်ငန်းအပေါ် စေတနာထားရှိမှုသည်ကား အဓိကကျလှပေသည်။ လုပ်ငန်း၏ ဦးတည်ချက်၊ ဥပဒေပြဋ္ဌာန်းချက်၏ အနှစ်သာရ၊ နိုင်ငံနှင့် လူမျိုး၏အကျိုး၊ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်၏မျှော်မှန်းချက်များကို မမေ့မလျော့၊ မပေါ့မဆ၊ အဂတိတရားမထားရှိဘဲ စေတနာမှန်မှန်ဖြင့် ပွင့်လင်းမြင်သာစွာ တာဝန်ထမ်းဆောင်သင့်လှပေသည်။

ပညာပေးခြင်း

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ခံဆောင်ရွက်လျက်ရှိသော ယနေ့တိုင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ အမိန့်များမှာ အတော်အတန် များပြားလှပေသည်။ လိုအပ်ချက်အရပြဋ္ဌာန်းခြင်းဖြစ်၍ လက်ခံရမည်ဖြစ်သော်လည်း၊ ခေတ်စနစ်နှင့်မညီသောဥပဒေများအား ပြုပြင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ဖြည့်စွက် ခြင်း၊ ပေါင်းစည်းခြင်း၊ စုစုစည်းစည်းအနှစ်သာရများ ကောက်နုတ်ခြင်း ပြုသင့်ပေသည်။ အများပြည်သူ နားလည်စေရန် ပညာပေးခြင်း၊ ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ စည်းရုံးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အငြိမ်းစား ပညာရှင်များ၏ ဟောပြောချက်များ၊ သင်တန်းများ ဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် ပညာပေးခြင်းစီမံချက် ဆောင်ရွက်သင့်ပါကြောင်း ဆောင်းပါးရှင်က အကြံပြုတင်ပြအပ်ပါသည်။ သတင်းစာများမှ ပညာပေးဆောင်းပါးများ ရေးသားတင်ပြခြင်း၊ ပညာပေးစာစောင်(ဥပမာ- ရွှေတံခါးမှူး မဂ္ဂဇင်းထုတ်ဝေခြင်း) ကို လူထုလက်ထဲ ရောက်အောင် ဖြန့်ဖြူးခြင်း၊ ရုပ်မြင်သံကြား အစီအစဉ်မှ ဟောပြောဆွေးနွေးခြင်း၊ ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ ထုတ်လွှင့်ခြင်းများပါမကျန် စီမံဆောင်ရွက်သင့်ပါသည်။ ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသော်လည်း ယခုထက် အရှိန်မြှင့်၍ ပညာပေးခြင်း အစီအစဉ်တိုးမြှင့်သင့်ပါသည်။

နိုင်ငံသားဖြစ်မှု၊ ပြုမှုကိစ္စများ

ယနေ့အချိန်အခါတွင် နိုင်ငံသားဖြစ်မှု၊ ပြုမှုများမှာ အထူးကိစ္စတစ်ရပ် အနေဖြင့် ဆောင်ရွက်ရမည့် အချိန်ဖြစ်ပေသည်။ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရသော ကိစ္စဖြစ်ခြင်း၊ နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးသောမူဝါဒနှင့် စပ်ဆိုင်ခြင်း၊ ရွေးကောက်ပွဲများနှင့်လည်း ဆက်စပ်နေခြင်း၊ ထိလွယ်ရှလွယ် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ခြင်း၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်ထိရောက်မည်ဖြစ်ခြင်း၊ ယခင်တွေ့ကြုံရင်ဆိုင်ခဲ့ရသော အခက်အခဲများအား သင်ခန်းစာအဖြစ် ရယူသင့်ခြင်း စသည့်အချက်များအား တာဝန်ရှိသူများက ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ကြပြီး ပြည်သူ့အကျိုး သယ်ပိုးကြမည်ဟု ဆောင်းပါးရှင်က ယုံကြည်ပါသည်။

အကြံပြုရေးကော်မရှင်

ယာယီသက်သေခံလက်မှတ်သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှာ ၃၁-၃-၂၀၁၅ ဖြစ်ပါသည်။ သက်တမ်းကုန်ဆုံးသည့်နေ့ရက်တွင် လက်မှတ်များအပ်နှံခြင်းကို တစ်တိုင်းပြည်လုံး အတိုင်းအတာဖြင့် စနစ်တကျ ပြန်လည်အပ်နှံခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ် ဧပြီ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၅ ဖြင့် "ယာယီသက်သေခံ လက်မှတ်နှင့်စပ်လျဉ်းသည့်ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်"ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ ကော်မရှင်၏ လုပ်ငန်း၊ ကော်မရှင်၏ ထောက်ခံအကြံပြုချက်များမှာ များစွာအရေးကြီးလှပါသည်။ အရေးကြီးသမိုင်းပေးတာဝန်ကို ထမ်းဆောင်ကြရမည့် ကော်မရှင် အဖွဲ့ဝင်များသည် လေးနက်တည်ကြည်စွာဖြင့် ဖြစ်ရပ်မှန်များကို စိစစ်သုံးသပ်အကြံပြုသွားနိုင်ကြမည်ဟု မျှော်လင့်ယုံကြည်ပါသည်။

နည်းဥပဒေများ ၁၃၊ အပိုဒ်ခွဲ(၄)

၁၉၅၁ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ ၁၃၊ အပိုဒ်ခွဲ (၄)တွင် "ယာယီသက်သေခံ လက်မှတ်ပိုင်ရှင်သည် မိမိလက်မှတ်ကို လက်မှတ်အတည်ဖြစ်သည့် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် ခုနစ်ရက်အတွင်း စာရင်းထိန်းထံ ပြန်အပ်ရမည်။ စာရင်းထိန်းသည် လိုအပ်လျှင် နောက်ထပ်မည်ရွေ့မည်မျှကာလအပိုင်းအခြားအတွက် လက်မှတ်အတည်ဖြစ်ကြောင်း ထပ်ဆင့်လက်မှတ်ရေးထိုး၍ ထိုလက်မှတ်ကိုသော်လည်းကောင်း ပြန်လည်ထုတ်ပေးနိုင်သည်။ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်အသစ်တစ်ခုကိုသော်လည်းကောင်း ထုတ်ပေးနိုင်သည်"ဟု ဖော်ပြထားသည်။ ထိုဖော်ပြချက်အရဆိုလျှင် ပြန်အပ်ပြီးနောက် ဆောင်ရွက်ဖွယ်ရာများကို ရှင်းရှင်းလင်းလင်း သိသာမြင်သာနိုင်ပေသည်။

အကြံပြုရေးကော်မရှင်၏ အခန်းကဏ္ဍ

အဖွဲ့ဝင်ကိုးဦးပါဝင်သော "ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်"၏ အခန်းကဏ္ဍသည် နိုင်ငံတော်၏ သမိုင်းပေးတာဝန်ကို အရေးပါပါ ထမ်းဆောင်ရမည့် ကဏ္ဍဖြစ်ပါသည်။ ဘက်စုံထောင့်စုံ ၊အမြင်စုံဖြင့် သုံးသပ်၊ ဆုံးဖြတ်၊ အကြံပြုတင်ပြရမည့် ကော်မရှင်လည်း ဖြစ်ပေသည်။ ပွင့်လင်းမြင်သာမှုရှိစေရေး၊ ညီညွတ်မျှတမှု ရှိစေရေးအတွက်လည်း အလေးပေးဆောင်ရွက်ရမည် ဖြစ်ပေသည်။

တင်ပြချက်

ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ ရဟန်းရှင်လူ ပြည်သူအပေါင်းက ဝိုင်းဝန်းအကြံပြု အထောက်အကူပြုသင့်ပါကြောင်း . . ။ ။

သံတောင်ကြီးမြို့နယ်၌ သူးထူးရှည်ကြိုးတံတား ဖွင့်ပွဲကျင်းပ

သံတောင်ကြီး မေ ၁၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သောက်ရေခပ်ချောင်း သူးထူးရှည်တံတား ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက်ကကျင်းပရာ ဘွဲမိုဘွာ သာသနာနယ်အတွင်းရေးမှူး ဒေါက်တာစောဟေမူထူး၊ KNU တပ်မဟာ(၂)မှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းကဲ၊ ဦးစောအယ်လော်ဆောင်း (CDM) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါတံတားသစ်သည် သံတောင်ကြီးမြို့နယ်နှင့် ၁၅ မိုင်ကွာဝေးပြီး ဖာဝယ် ဒိုးခိုရွာနှင့် ဖောင်နွဲ့ကလေးရွာတို့ကို ဆက်သွယ်ပေးထားသောတံတားဖြစ်သည်။ ဘွဲမိုဘွာသာသနာနယ်မှ ဦးဆောင်ဆောက်လုပ်ပြီး ပြည်သူ့အားဖြင့် တည်ဆောက်ပြီးစီးခဲ့သည်။ တံတားအရှည်ပေ ၂၇၀၊ အကျယ်ခြောက်ပေ၊ တစ်လက်မခွဲ သံမဏိကြိုးဖြင့်ဆွဲထားပြီး အောက်ခံ(၄×၂) U ပေါင်နှင့်အခင်းပြားကို (၄×၂) C ပေါင်များဖြင့် ခင်းထားကြောင်း သိရသည်။

တံတားကုန်ကျငွေကျပ် စုစုပေါင်းသိန်း ၁၈၀ ဖြစ်ပြီး သံတောင်ကြီးမြို့နှင့် သောက်ရေခပ်ချောင်းအရှေ့ခြမ်းရှိကျေးရွာ ၁၈ ရွာသို့ ရာသီမရွေး ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

မြေကိစ္စတိုင်ကြားစာများကို အထူးအလေးထားဖြေရှင်းပေးရမည့် ကိစ္စတစ်ရပ်အဖြစ် ခံယူဖြေရှင်းပေးလျက်ရှိ

နေပြည်တော် မေ ၁၃

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၅) ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒီမောဆို မဲဆန္ဒနယ်မှ ဦးစိုးရယ်၏ **မြန်မာနိုင်ငံရှိ လက်ရှိတည်ဆဲဥပဒေများမှ ပြင်ဆင်ရန်ဥပဒေပေါင်း မည်မျှရှိ၍ အသစ်ပြဋ္ဌာန်းပေးသင့်သောဥပဒေများ ရှိသည်ဆိုပါက ဥပဒေကြမ်းများ၏ အမည်များအားသိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုလွှတ်တော်ကလည်း တည်ဆဲဥပဒေများအနက် ပြင်ဆင်သင့်သည့် ဥပဒေများအား ပြင်ဆင်သင့်သည့် ဥပဒေကြမ်းများကို အခါအားလျော်စွာ အတည်ပြု ပြဋ္ဌာန်းပေးလျက်ရှိရာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မတ်လမှ ယနေ့အထိ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများအနက် ပြင်ဆင်သင့်သည့် ဥပဒေ စုစုပေါင်း ၆၆ ခု ရှိပြီး မူရင်းဥပဒေကိုရုပ်သိမ်းပြီး အစားထိုးပြဋ္ဌာန်းသည့် ဥပဒေ စုစုပေါင်း ၃၃ ခုရှိသည်ကို တွေ့ရှိရပါကြောင်း၊ ပြောင်းလဲလျက်ရှိသည့် အခြေအနေအချိန်အခါအရ နယ်ပယ်အသီးသီးတွင် အသစ်ပြဋ္ဌာန်းရန်လိုအပ်သည့် ဥပဒေများ အခါအားလျော်စွာ ရှိမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် နစ်နာမှုတင်ပြစာ တစ်စောင်ချင်းအပေါ် ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက် နောက်ပိုင်းမှ ယနေ့အထိ ဖြေရှင်းဆောင်ရွက်မှုအခြေအနေကို ယခင်ပေးပို့သည့်အတိုင်း ဆက်လက်ပေးပို့ရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်သည် သိမ်းဆည်းခံမြေကိစ္စများအား ဖြေရှင်းပေးရန် ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ပေးပို့ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ စိစစ်ဖြေရှင်း ဆောင်ရွက်ပေးရန် လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် အဆိုပါမြေကိစ္စများကို စိစစ်ဖြေရှင်းရာတွင် ရှင်းလင်းလွယ်ကူစေရန်အတွက် အစီရင်ခံစာအပိုင်းများအဖြစ် သတ်မှတ်၍ စိစစ်ဖြေရှင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် အစီရင်ခံစာအပိုင်း ၁၊ ၂၊ ၃ ပါ မြေကိစ္စ(၇၄၅)မှု အပေါ် ၂၀၁၄ ခုနှစ် ဇွန်လ ၂၄ ရက်ထိ စိစစ်ပြီးစီးမှုအခြေအနေများအား နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်တွင် သဝဏ်လွှာပေးပို့ခဲ့ပါကြောင်း။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် အစီရင်ခံစာအပိုင်း ၁ မှ ၅ အထိ မြေကိစ္စရပ်များ စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ အစီရင်ခံစာအပိုင်းများပါ စွန့်လွှတ်မြေများ၊ အစီရင်ခံစာအပိုင်းများတွင် ပါဝင်ခြင်းမရှိသော်လည်း ဝန်ကြီးဌာနများနှင့် ကုမ္ပဏီအဖွဲ့အစည်းများက သီးခြားပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများသို့ လွှဲပြောင်းပေးအပ်ပြီးစီးမှု အခြေအနေများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် သတင်းထုတ်ပြန်ကြေညာပေးခဲ့ပါကြောင်း။

အလားတူအစီရင်ခံစာ အပိုင်း-၁ မှ ၇ ထိ မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် ဖြေရှင်းတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

မြေကိစ္စ တိုင်ကြားစာများကို အထူးအလေးထားဖြေရှင်းပေးရမည့် ကိစ္စတစ်ရပ်အဖြစ် ခံယူဖြေရှင်းပေးလျက်ရှိပြီး စိစစ်ရန်ကျန်သည်များကို အမှုတွဲတစ်ခုချင်းစီအလိုက် စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို သတ်မှတ်နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိနေသည့် သက်တမ်းကြာမြင့်နေသော ကမ်းရိုးတန်းသွားရေယာဉ်များအား စံချိန်ပြည့်မီသည့် ရေယာဉ်အသစ်များဖြင့် အစားထိုးပေးရန်နှင့် ခရီးသည်များအား ရေယာဉ်များနှင့် ပတ်သက်၍ သိသင့်သည်များကို ကြိုတင်အသိပေးခြင်းများပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ပြည်နယ်/ တိုင်းဒေသကြီးအတွင်း ခုတ်မောင်းပြေးဆွဲနေသည့် ဌာနပိုင်ရေယာဉ်များ၊ ပုဂ္ဂလိကပိုင်ရေယာဉ်များ ကြံ့ခိုင်ရေး၊ အရေးပေါ်အသက်ကယ်ပစ္စည်းများ ပြည့်စုံစွာထားရှိရေး၊ ရေယာဉ်တင်ဆောင်နိုင်သည့်လူ၊ ကုန်ပစ္စည်းများ ပမာဏထက် ပိုမိုတင်ဆောင်ထားခြင်း မရှိစေရေးတို့ကို ထိထိရောက်ရောက် ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိသည့် သက်တမ်းကြာမြင့်နေပြီဖြစ်သည့် ကမ်းရိုးတန်းသွား ရေယာဉ်များအား စံချိန်မီရေယာဉ်အသစ်များဖြင့် အစားထိုးနိုင်ရေး၊ ဂျပန်အစိုးရအနေဖြင့် ရခိုင်ဒေသနှင့် သင့်လျော်မည့် ရေယာဉ်များအား ကူညီဖြည့်ဆည်းပေးစေလိုကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း။

အရေးပေါ်အခြေအနေတွင် ခရီးသည်များ ဘေးကင်းစွာရေယာဉ်ပြင်ပသို့ ကယ်ထုတ်နိုင်ရန် (Emergency Exit) များကို စစ်ဆေး၍ လိုအပ်ပါက ပြုပြင်တည်ဆောက်စေခြင်း၊ အသက်ကယ်အင်္ကျီနှင့် မီးသတ်ပိုက်ကိရိယာများစစ်ဆေး၍ ပြန်လည်ဖြည့်ဆည်းပေးခြင်း၊ ရေယာဉ်ကို ကြီးကြပ်အုပ်ချုပ်သူက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ခြင်း၊ ဆက်သွယ်ရေးစနစ်နှင့် ကမ်းခြေအခြေပြု အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ရေယာဉ်ဝန်ထမ်းတစ်ဦးချင်းအလိုက် အရေးပေါ်အခြေအနေ အမျိုးမျိုး၌ လုပ်ဆောင်ရမည့် တာဝန်များအား သတ်မှတ်ပေးပြီး ခရီးသည်များကို စုဝေးရပ်နေရာ၊ အသက်ကယ်အင်္ကျီဝတ်ဆင်ပုံ၊ အပြင်သို့ထွက်ရမည့် အရေးပေါ်ထွက်ပေါက်များကို ရေယာဉ်မထွက်ခွာမီ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ ရေယာဉ်ပိုင်ရှင်၊ မောင်းနှင်သူများ၊ သက်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် ခရီးသွားပြည်သူများ ပေါင်းစပ်အကောင်အထည်ဖော် လိုက်နာဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဌေးနိုင်က ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူများ၊ ကိုယ်လက်အင်္ဂါ ဆုံးရှုံးခဲ့ရသူများအား ကျန်းမာရေးလိုအပ်ချက် စီမံဆောင်ရွက်ပေးရန် သွားရောက်ခဲ့သည့် အစီရင်ခံစာကို တင်သွင်းခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ကျောင်းများပြုပြင်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် လျာထားဆောင်ရွက်ပေးသွားမည်

နေပြည်တော် မေ ၁၃

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်၏ **“မတူပီမြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ရှင်းလင်းဖြေကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျောင်းများ ဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ ဒေသတွင်း၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များ၊ စီးပွားရေးစီမံကိန်းအစီအစဉ်များနှင့်အညီ လိုအပ်ချက်အရ ဖွင့်လှစ်ပေးသည့် အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ မတူပီမြို့နယ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း ဖွင့်လှစ်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဥပဒေများ၌ ပါဝင်ခြင်းမရှိသေးပါသဖြင့် လက်ရှိ အခြေအနေတွင် ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြေကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်၏ **“စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝင်းအတွင်း ကြိုတင်ဝင်ရောက်ခွင့်ပြုပေးပါရန်”** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဖြေကြားရာတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းလုံခြုံရေး၊ စာဖြေခန်းလုံခြုံရေး၊ မေးခွန်းလုံခြုံရေး၊ မသမာမှု ကင်းရှင်းစေရေးတို့ကို ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ချိန်အတိုင်း တစ်ပြေးညီဆောင်ရွက်ကြရပါသဖြင့် စာမေးပွဲမဖြေဆိုမီ နာရီဝက်အလိုတွင် စာမေးပွဲခန်းစောင့်တာဝန်ယူရသော ဆရာ၊ ဆရာမများသည် သက်ဆိုင်ရာစာဖြေခန်းသို့ နေရာစတင်ယူသည့် အချိန်မှသာ စာမေးပွဲဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများအား ဝင်ရောက်နေရာယူစေရသောကြောင့် အနည်းဆုံး စာဖြေခန်းသို့ ၁ နာရီခန့်ထက်စော၍ ဝင်ရောက်ခွင့်မပြုနိုင်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဗိုလ်မှူး မျိုးထွန်းအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး မျိုးထွန်းအောင်၏ **“ပညာရေးဝန်ကြီးဌာနအနေဖြင့် အန္တရာယ်ရှိသည့် ကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းများအား အမှန်တကယ်ပြုပြင်ရန် လိုအပ်မှု ရှိ/မရှိကို သက်ဆိုင်ရာ မြို့နယ်ကော်မတီများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့်ပေါင်းစပ်ညှိနှိုင်းစိစစ်ပြီး ဦးစားပေးသတ်မှတ်ချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လျာထားချက်တွင် ပြုပြင်ရန် မည်သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ရန် မပါရှိသော အန္တရာယ်ရှိသောကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းများအား ဆက်လက်၍ ပြုပြင်ရန် အစီအစဉ် ရှိ/ မရှိနှင့် မည်သို့စီမံလျာထားသည်ကို သိရှိလိုခြင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဆောင်များအသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီဇယားတွင် ထည့်သွင်းလျာထားခြင်းဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ(၂)ရပ်တွင် ပါဝင်ခြင်းမရှိသည့် စိစစ်သတ်မှတ်ပြီး အန္တရာယ်ရှိကျောင်းများ၊ ဥပဓိရုပ်မကောင်းသည့်ကျောင်းများနှင့် ထပ်မံတိုးလာသည့်ကျောင်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

လောက်ကိုင်ဒေသတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော တပ်မတော်သားများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပံ့ပိုးလှူဒါန်း

ကျောက်ဖြူ မေ ၁၃

လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော တပ်မတော်သားများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းခြင်းအခမ်းအနားကို မေ ၁၂ ရက်က ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာအုပ်စု ဇင်ချောင်းကျေးရွာ အထကကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသောငါးခြောက်ပိဿာချိန် တစ်သောင်းကိုပေးအပ်လှူဒါန်းရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်သန်းကလက်ခံယူခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

✻ ကျောဖုံးမှ

ဦးဆောင်ဂိုးများ ပေးခဲ့ရသော်လည်း ချေပဂိုးများ ပြန်သွင်းခဲ့ခြင်းဖြစ်သည်။ ဘန်ဒေါင်းအသင်းအတွက် ၂၇ မိနစ် ဆူပရာဒီ၊ ၅၃ မိနစ် ရစ်ဒ်ဝမ်၊ ၉၀ မိနစ်တွင် ကိုချာတီတို့က သွင်းယူခဲ့ပြီး ဧရာဝတီအတွက်ဂိုးများကို ၄၃၊ ၇၃ မိနစ်တွင် ရစ္စတီ၊ ၉၂ မိနစ်တွင် နေလင်းအောင်တို့က သွင်းယူခဲ့သည်။

အုပ်စု (H) ပွဲစဉ်များအပြီးတွင် ဘန်ဒေါင်းအသင်းက ၁၂ မှတ်ဖြင့် ပထမ၊ ဧရာဝတီအသင်းက ၁၀ မှတ်ဖြင့် ဒုတိယတို့ရရှိကာ ရှုံး/ထွက်အဆင့်သို့ တက်ရောက်ခဲ့သည်။

ယဉ်ကျေးမှုဓလေ့များကိုသာမက အတွေးအခေါ်ခံယူယုံကြည်ချက်များကိုပါ ကမ္ဘာအနှံ့လွှမ်းခြုံနိုင်ရန် ကြိုးပမ်း

နေပြည်တော် မေ ၁၃

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မေ ၇ ရက်မှစတင်၍ နေပြည်တော်၌ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ပြိုင်ပွဲများအားလုံးအတွက် ရွှေတံဆိပ် ၁၄၀၊ ငွေတံဆိပ် ၁၀၆ ခု၊ ကြေးတံဆိပ် ၇၈ ခုနှင့် နှစ်သိမ့်ဆု ခုနစ်ဆုတို့ကို ရွေးချယ်ချီးမြှင့်ပေးခဲ့သည်။

ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ညီလာခံခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းတက်ရောက်၍ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံးရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အဖွဲ့အား တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း အဆင့်မြင့်တန်း အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူ မောင်အောင်ရှင်းသန့်(ကချင်ပြည်နယ်) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ဒုတိယသမ္မတ အမှာစကားပြောကြားရာ၌ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် တစ်နိုင်ငံ၏ ယဉ်ကျေးမှုကို တစ်နိုင်ငံက အပြန်အလှန်လေ့လာပြီး ယဉ်ကျေးမှုဖလှယ်ကြသည်မှာ နိုင်ငံတကာ သံခင်း တမန်ခင်း၏ အင်္ဂါရပ်တစ်ခု အဖြစ် အရေးပါနေပြီဖြစ်ပါကြောင်း၊ တစ်ဖက်က မိမိ၏ရိုးရာကို ထိန်းသိမ်းရသကဲ့သို့ အခြားတစ်ဖက်ကလည်း မတူခြားနားသည့် ယဉ်ကျေးမှုပြယုဂ်များကို သိမ်မွေ့ညင်သာစွာ ဆက်စပ်နားလည်နိုင်ရန် လိုအပ်ပါကြောင်း။

ယနေ့ မျက်မှောက်ကမ္ဘာ၏ ရုပ်ပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုအရှိန်သည် မြန်ဆန်ပြီး နယ်စည်းပိုင်းဖြတ် ကန့်သတ်ရန်လည်းခဲယဉ်းပါကြောင်း၊ ကျောထောက်နောက်ခံ တောင့်တင်းမှုနှင့် နည်းပညာ အခွင့်အလမ်းသာမှုကို အခွင့်ကောင်းအဖြစ် ကောင်းစွာအသုံးချနိုင်သူများက ယဉ်ကျေးမှုအနုသုခုမ ပညာရပ်များနှင့် စိတ်တိုင်းကျ ပေါင်းစပ်မွမ်းမံပြီး မိမိတို့၏ယဉ်ကျေးမှု ထုံးတမ်းဓလေ့များကိုသာမက အတွေးအခေါ်ခံယူယုံကြည်ချက်များကိုပါ ကမ္ဘာအနှံ့ လွှမ်းခြုံဖြန့်ကြက်ပုံသွင်းနိုင်ရန် ကြိုးပမ်းနေကြပါကြောင်း၊ သို့ဖြစ်၍ မိမိတို့တွင်ရှိပြီးဖြစ်သည့် ပြည့်စုံကြွယ်ဝလှသောရိုးရာ ယဉ်ကျေးမှုများကို ဒေသတွင်းပတ်ဝန်းကျင်မှသည် ကမ္ဘာအနှံ့ထိ ဖြန့်ကြက်နိုင်ရန် အနုပညာနှင့် နည်းပညာ ပေါင်းစပ်၍ ယနေ့မျိုးဆက်သစ်လူငယ်များက ကြံဆကြိုးစားကြရန် တိုက်တွန်းလို ပါကြောင်း၊ တစ်နည်းအားဖြင့် သူတစ်ပါးကို လက်ခံအားကျသလို၊ မိမိကိုလည်း သူတစ်ပါးက လေးစားလက်ခံအားကျချင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

အနုသုခုမပညာရပ်ဆိုသည်မှာ လွန်စွာမှ အစွမ်းထက်လှပါကြောင်း၊ လူအများ ကြည်နူးနှစ်သက်ပျော်ရွှင်ချမ်းမြေ့အောင်၊ သိမ်မွေ့နူးညံ့အောင် ဖန်တီးပုံဖော်နိုင်သလို ကြမ်းတမ်းခက်ရော်အောင် အထိန်းအကွပ်မဲ့အောင်လည်း စွမ်းဆောင်နိုင်ပါကြောင်း၊ ယနေ့ ဆုချီးမြှင့်ပွဲအခမ်းအနားမှာ ရောက်ရှိနေကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမမျိုးဆက်ဟောင်း၊ မျိုးဆက်သစ် အနုပညာရှင်များသည် အစွမ်းထက်လှသော အနုသုခုမပညာကို စနစ်တကျကျွမ်းကျင်နိုင်နင်းကြသူများဖြစ်ရာ မိမိတို့၏ အနုပညာဖန်တီးနိုင်စွမ်းကို အသုံးချပြီး မိမိနိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ကောင်းကျိုးအထွေထွေကို သယ်ပိုးပေးနိုင်သော နိုင်ငံ့သားကောင်းများဖြစ်စေရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆုများကိုပေးအပ်ချီးမြှင့်ရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက မဟာဂီတအဆိုပြိုင်ပွဲများဖြစ်သည့် ဝါသနာရှင်အဆင့် ပထမတန်း အမျိုးသားပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် ဒုတိယတန်းအမျိုးသားပြိုင်ပွဲ၊ အဆင့်မြင့်တန်း အမျိုးသားပြိုင်ပွဲ၊ အခြေခံအဆင့်အသက် ၁၅ နှစ်မှ ၂၀ နှစ် အမျိုးသားပြိုင်ပွဲ၊ အခြေခံအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ် အမျိုးသားပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ဝါသနာရှင်အဆင့် ပထမတန်း အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်ကြူက မဟာဂီတ အဆိုပြိုင်ပွဲများဖြစ်သည့် ဝါသနာရှင်အဆင့် ပထမတန်းအမျိုးသမီးပြိုင်ပွဲ ဝါသနာရှင်အဆင့် ဒုတိယတန်းအမျိုးသမီးပြိုင်ပွဲ၊ အဆင့်မြင့်တန်းအမျိုးသမီးပြိုင်ပွဲ၊ အခြေခံအဆင့်အသက် ၁၅နှစ်မှ ၂၀ နှစ် အမျိုးသမီးပြိုင်ပွဲ၊ အခြေခံအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အမျိုးသမီးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက ခေတ်ဟောင်း/ကာလပေါ် အဆိုဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး ပထမတန်း၊ ဒုတိယတန်း၊ အဆင့်မြင့်တန်း၊ အခြေခံအသက် (၁၅-၂၀)နှစ်နှင့် အခြေခံအသက် (၁၀-၁၅) နှစ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း၊ အမျိုးဂုဏ်ဇာတိဂုဏ် အဆိုဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး ဒုတိယတန်းနှင့် အဆင့်မြင့်တန်းပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း၊ အကဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီးပထမတန်း၊ ဒုတိယတန်း၊ အဆင့်မြင့်တန်း၊ အခြေခံအသက် (၁၅-၂၀) နှစ်နှင့် အခြေခံအသက် (၁၀-၁၅)နှစ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း၊ အကရုပ်သေးဝါသနာရှင်အဆင့်အမျိုးသား၊ အမျိုးသမီး ဒုတိယတန်း၊ ကွက်စိပ်၊ ကွက်စိပ်ပံ့ပိုးဆိုင်း၊ ကွက်စိပ်ဇာတ်ညွှန်းဝါသနာရှင်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း၊ အက ကဗျာလွတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ အရေးဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး၊ ပထမတန်း၊ ဒုတိယတန်း၊ အဆင့်မြင့်တန်း၊ အခြေခံအသက် (၁၅-၂၀)နှစ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား လည်းကောင်း၊ အတီး(စောင်း)၊ (စန္ဒရား)၊ (ပတ္တလား)၊ (နှဲ)၊ (တယော)၊(မယ်ဒလင်)၊ (ဂီတာ)၊ (ဒုံမင်း)၊ (အိုးစည်)၊ (ဒိုးပတ်)၊ (ဆိုင်းတစ်ဦးချင်း)၊ (ဆိုင်းအဖွဲ့အလိုက်) ဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး၊ ပထမတန်း၊ ဒုတိယတန်း၊ အဆင့်မြင့်တန်း၊ အခြေခံအသက် (၁၅-၂၀)နှစ်နှင့် အခြေခံအသက် (၁၀-၁၅)နှစ် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး အခြေခံ (၁၀-၁၅)အမျိုးသမီး အတီး(စောင်း)ပြိုင်ပွဲ ပထမဆုရ မအေးသဒ္ဓါဖြူ (ကရင်ပြည်နယ်)အား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံးရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အဖွဲ့အား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ သုံးဆု၊ ကယားပြည်နယ်မှ ခြောက်ဆု၊ ကရင်ပြည်နယ်မှ ၁၀ ဆု၊ ချင်းပြည်နယ်မှ နှစ်ဆု၊ မွန်ပြည်နယ်မှ ကိုးဆု၊ ရခိုင်ပြည်နယ်မှ ကိုးဆု၊ ရှမ်းပြည်နယ်မှ ဆု ၂၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၃ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ခြောက်ဆု၊ ပဲခူးတိုင်းဒေသကြီးမှ ၃၃ ဆု၊ မကွေးတိုင်းဒေသကြီးမှ ၁၅ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၄၂ ဆု၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၁၃ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ဆု ၄၀ ရရှိသွားကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Gautam Mukhopadnaya အား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန် ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အီဇူမိ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများဆွေးနွေး

နေပြည်တော် မေ ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အီဇူမိအား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး တာတရှိ ဟီဂူချီလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပုသိမ်မြို့၌ ဧရာဝတီတိုင်းဒေသကြီး ခြောက်ခရိုင် အမျိုးသား U-13 ဘောလုံးပြိုင်ပွဲကျင်းပ

ပုသိမ် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး ခြောက်ခရိုင် အမျိုးသား U-13 ဘောလုံးပြိုင်ပွဲကို ယခုမေလအတွင်း၌ ပုသိမ်မြို့ ဧရာဝတီယူနိုက်တက်ဘောလုံးကွင်း၌ကျင်းပရန် စီစဉ်နေကြောင်း သိရသည်။ နည်းပြအုပ်ချုပ် ငါးဦးနှင့် အားကစားသမား ၁၈ ဦး အတွက် ဝတ်စုံ၊ ဖိနပ်နှင့် ပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း ကုန်ကျစရိတ်များကို ဧရာဝတီယူနိုက်တက်အသင်းက အဓိကပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရရှိသူတို့ စကားသံများ

နေပြည်တော် မေ ၁၃

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြီးဆုံးခဲ့ပြီ။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အကောင်းဆုံးဆုရရှိသူများကို အကဲဖြတ်ဒိုင်များက စနစ်တကျရွေးချယ်ခဲ့ပြီး နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(ညီလာခံခန်းမ)၌ မေ ၁၃ ရက် နံနက် ၉ နာရီက ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

အမေး/အရေး မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး၊ သီဟ

ပြိုင်ပွဲ၌ ဆုရရှိခဲ့ကြပြီး ပြုံးပျော်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ပြိုင်ပွဲဝင်အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ-

မောင်ဟိန်းထက် (ပထမ၊ မဟာ ဂီတ အခြေခံ (၁၅-၂၀) ရှမ်းပြည်နယ်)

"နိုင်ငံတော်အဆင့် ပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ အချိန်ယူလေ့ကျင့်ခဲ့တာဖြစ်ပြီး ပြည်နယ်အဆင့်မှာ ပထမရရှိခဲ့လို့ အခုလို နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ခွင့်ရခဲ့သလို ပထမဆုလည်း ဆွတ်ခူးနိုင်ခဲ့လို့ ကိုယ်တိုင်အံ့ဩရပါတယ်။ အခုလို ပထမဆုကိုရရှိလိမ့်မယ်လို့ မမှန်းရဲခဲ့လို့ အိပ်မက်လိုဖြစ်နေပါတယ်။"

မမိုးပြည့်ပြည့်ကျော်
(ပထမ၊ ခေတ်ဟောင်း၊ ကာလပေါ်)
မကွေးတိုင်းဒေသကြီး

"ခေတ်ဟောင်း၊ ကာလပေါ် အခြေခံ(၁၀-၁၅) အဆိုပြိုင်ပွဲမှာ ပထမရရှိခဲ့တာဖြစ်ပါတယ်။ အားလုံးတော်ကြသူတွေထဲမှာ ပထမရရှိတာကြောင့် ကြိုးစားရကျိုးနပ်ပါတယ်။ နောက်နှစ်ပြိုင်ပွဲတွေမှာလည်း ယှဉ်ပြိုင်ခွင့်ရရင် ဆင်နွှဲချင်ပါသေးတယ်။ သမီးက သီချင်းဆိုတာကို ဝါသနာလည်းပါလို့ ဖြစ်ပါတယ်။"

မောင်ဟိန်းထက်

မမိုးပြည့်ပြည့်ကျော်

မောင်လင်းညီညီခန့်(ပထမ၊ အခြေခံ (၁၅-၂၀) (ကျား) အကပြိုင်ပွဲဝင်) မွန်ပြည်နယ်

"ကျွန်တော့်ဇာတိက မွန်ပြည်နယ် သံဖြူဇရပ်မြို့ဖြစ်ပါတယ်။ နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်လို့ မွန်ပြည်နယ်ရဲ့ဂုဏ်ကို ဆောင်နိုင်ခဲ့ပါပြီ။ အကနည်းပြနဲ့ ဝိုင်းဝန်းကူညီသူတွေကို ကျေးဇူးတင်ပါတယ်။ နောင်နှစ်ပြိုင်ပွဲတွေမှာလည်း ဆက်လက်ပြိုင်ပွဲဝင်သွားပါဦးမယ်။ အပင်ပန်းခံလေ့ကျင့်ခဲ့လို့ အခုလို အောင်မြင်မှုရရှိခဲ့တာလို့ ခံယူပါတယ်"

မနန်းစန်းပွင့်အေး(ပထမ၊ အခြေခံ (၁၅-၂၀) (မ) အကပြိုင်ပွဲဝင်) ကရင်ပြည်နယ်

"အရင်နှစ်တွေက နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ တစ်ကြိမ် လာရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက အကပြိုင်ပွဲမှာ တတိယရရှိခဲ့ဖူးပါတယ်။ ပထမဆုရအောင် ကြိုးစားမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ လေ့ကျင့်ပြင်ဆင်ပြီး ပြိုင်ပွဲဝင်ခဲ့တာမို့ အမှားအယွင်းမရှိ ယှဉ်ပြိုင်နိုင်ခဲ့တဲ့အတွက် အခုလို ရွှေတံဆိပ်ရရှိခဲ့တာ ဖြစ်ပါတယ်။"

ဦးအောင်ကိုကို(ပထမ၊ ရုပ်သေး ပြိုင်ပွဲဝင်၊ ရန်ကုန်တိုင်းဒေသကြီး)

"ရုပ်သေးကြိုးဆွဲ လေ့ကျင့်မှုကို အချိန်ရတိုင်း လေ့ကျင့်ခဲ့တာဖြစ်ပြီး အခုလို နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ ပထမဆုရရှိခဲ့တာလို့ ယုံကြည်နေပါတယ်။ အခုလို ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့တာမို့ ရုပ်သေးကြိုးဆွဲပညာကို ဆက်လက်သင်ယူလေ့လာဖို့ တွန်းအားတစ်ရပ်ဖြစ်ခဲ့ပါပြီ။"

ဦးဝင်းမြတ်မွန်(ပထမ၊ ကွက်စိပ် ပြိုင်ပွဲဝင်၊စစ်ကိုင်းတိုင်းဒေသကြီး)

"ဆဒ္ဒန်ဆင်မင်းဇာတ်ကို ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့ပြီး ဒေသမှာလည်း ကွက်စိပ်ဟောပြောတဲ့အခါတိုင်း ထည့်သွင်းဟောပြောခဲ့တာမို့ အလေ့အကျင့်အများကြီး ရရှိခဲ့ပါတယ်။ အခုလို နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ ပထမဆုံးအကြိမ် ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။ နောင်နှစ်တွေလည်း ပြိုင်ခွင့်ရရင်ပြိုင်ချင်ပါသေးတယ်။"

မရှုးရှုးသီ(ပထမ၊ ကဗျာလွတ်အက ပြိုင်ပွဲဝင်၊ မကွေးတိုင်းဒေသကြီး)

"သမီးတို့အဖွဲ့က အလယ်တန်းကျောင်းသူတွေဖြစ်ပါတယ်။ မနှစ်က တိုင်းအဆင့်မှာ ပထမရရှိခဲ့ပြီး အခုလို နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ကဗျာလွတ်အကကို သမီးတို့ အချိန်ရတိုင်း နှစ်လုံးပေါက်လေ့ကျင့်ပြင်ဆင်ခဲ့တဲ့ အကျိုးကျေးဇူးကြောင့်လို့ ထင်ပါတယ်။"

မောင်လင်းညီညီခန့်

ဦးအောင်ကျော်ဌေး(ပထမ၊ အရေးပြိုင်ပွဲဝင်၊ ကယားပြည်နယ်)

"အရေး (တေးသီချင်းပြိုင်ပွဲ) ဝါသနာရှင် (ဒုတိယတန်း)ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပြီး ရွှေတံဆိပ်ရရှိခဲ့လို့ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ကဗျာရေး၊ စာရေး၊ စာဖတ်တာ ငယ်စဉ်ကတည်းက ဝါသနာပါခဲ့ပြီး အချိန်ရတိုင်း လေ့လာခဲ့တာမို့ အခုလိုပြိုင်ပွဲမှာ ပထမဆုရွေးချယ်ချီးမြှင့်ခံရတယ်လို့ မှတ်ယူပါတယ်" ဟု ပြောပြသည်။



မနန်းစန်းပွင့်အေး

ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များ၏ မျက်နှာပေါ်တွင် အောင်မြင်မှုအပြုံးပန်းများ ဝေဖြာလျက်ရှိကာ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

(မြန်မာ့အလင်း)

ဧည့်စာရင်းဖြင့် တိုင်ကြားနေထိုင်သူများအား အခြေခံမဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းထားခြင်းမရှိသော်လည်း မဲပေးခွင့်ရှိ

ရန်ကုန် မေ ၁၃

အခြေခံမဲဆန္ဒရှင်စာရင်းထုတ်ပြန်ရာ၌ ပုံစံ (၆၆/၆) အိမ်ထောင်စုစာရင်းမှ အသက် (၁၈) နှစ်ပြည့်ပြီး ဥပဒေနှင့်အညီ ဆန္ဒမဲပေးနိုင်သူများကိုသာ အတည်ပြုရေးသွင်းခြင်းဖြစ်ပြီး ဧည့်စာရင်းဖြင့် တိုင်ကြားနေထိုင်သူများအား အခြေခံမဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းထားခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက "ဧည့်စာရင်းနဲ့ နေထိုင်တာကြောင့် သူ့ရဲ့ မဲပေးခွင့်ဟာဆုံးရှုံးသွားမှာတော့ မဟုတ်ပါဘူး။ သူက ဧရာဝတီတိုင်းဒေသကြီးကလာပြီးတော့ ရန်ကုန်တိုင်းဒေသကြီးမှာ အလုပ်လာလုပ်တယ်။ ဧည့်စာရင်းနဲ့နေတယ်။ ဒါဆိုရင် သူ့ရဲ့ မဲစာရင်းဟာ သူ့အိမ်ထောင်စုစာရင်းရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးမှာရှိနေမှာပဲ။ ဒီတော့ သူ့ရဲ့ အိမ်ထောင်စုစာရင်းရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ကျိန်းသေ မဲပေးခွင့်ရမှာပဲ။ သူ့ရဲ့ အခြေခံ မဲဆန္ဒရှင်စာရင်းကလည်း အဲဒီမှာ ရှိနေမှာပဲ။ ဒါကြောင့် ဧည့်စာရင်းတိုင်နေထိုင်ပြီး အခြေခံမဲဆန္ဒရှင်စာရင်းမှာ သူ့နာမည်မပါဘူးဆိုတာကို မေ့ထားလိုက်ပါ။ အခြေခံမဲဆန္ဒရှင်စာရင်း လုပ်တဲ့အခါမှာ ကျွန်တော်တို့ ရက်ပေါင်း ၁၈၀ ကျော် ဒီမှာဧည့်စာရင်းနဲ့ နေထိုင်တာကို ထည့်မစဉ်းစားပါဘူး"ဟု ပြောသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျင်းပမည့် နေ့၊ လ၊ ရက်စွဲအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာပြီးသည်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် အပြီးသတ် မဲဆန္ဒရှင်စာရင်းကို ထပ်မံပြုစုမည်ဖြစ်သည်။ မဲဆန္ဒရှင်တစ်ဦးသည် ရွေးကောက်ပွဲကျင်းပမည့်အချိန်တွင် ၎င်းမူလနေထိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပ၌ ဧည့်စာရင်းဖြင့်နေထိုင်ခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊ ကျောင်းတက်ခြင်းတို့ကို အချိန်ကာလ ရက်ပေါင်း ၁၈၀ ကျော် နေထိုင်လျက်ရှိနေသည်။ ထို့ကြောင့် ၎င်းမူလနေထိုင်ရာ အိမ်ထောင်စုစာရင်းရှိသည့် မဲဆန္ဒနယ်တွင် သွားရောက်မဲပေးလိုခြင်းမရှိဘဲ မိမိလက်ရှိနေထိုင်ရာ နေရာဒေသတွင်ရှိသည့် ကိုယ်စားလှယ်လောင်းကိုသာ မဲပေးလိုသည်ဆိုပါက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ (၁၀) အရ ဆန္ဒမဲပေးခွင့်ပြုထားကြောင်း သိရသည်။

ရွေးကောက်ပွဲနည်းဥပဒေ (၁၀) အရ ဆန္ဒမဲပေးလိုသူသည် အလုပ်လုပ်နေသည်မှာ ရက်ပေါင်း ၁၈၀ ကျော်ကြာမြင့်ခဲ့ပြီးဖြစ်ကြောင်းကို ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ၎င်းလုပ်ကိုင်နေသည့် လုပ်ငန်းတာဝန်ခံ၏ ထောက်ခံချက်၊ အလုပ်သမားဖြစ်ပါက သက်ဆိုင်ရာလုပ်ငန်းရှင်၏ထောက်ခံချက်၊ အိမ်အကူဖြစ်ပါက အိမ်ရှင်၏ ထောက်ခံချက်နှင့် အခြားပုဂ္ဂိုလ်ဖြစ်ပါက မိမိကိုယ်မိမိ ရက်ပေါင်း ၁၈၀ ကျော် အဆိုပါနေရာတွင် နေထိုင်ခဲ့ကြောင်း ကိုယ်တိုင်ခံဝန်ချက်

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူလူငယ်တစ်ဦး ဆန္ဒမဲပေးနေစဉ်။

လိုအပ်မည်ဖြစ်သည်။ ယင်းအပြင် ၎င်းတို့နေထိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ပါရရှိပါက မိမိလက်ရှိနေထိုင်ရာ နေရာဒေသတွင်ရှိသည့် ကိုယ်စားလှယ်လောင်းအား ဆန္ဒမဲပေးခွင့်ရရှိမည်ဖြစ်သည်။

အထက်ပါ အချက်အလက်များ ပြည့်စုံပါက မိမိနေထိုင်ရာ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများသို့ ရွေးကောက်ပွဲ မကျင်းပမီ ရက်ပေါင်း ၃၀ အလိုတွင် ပုံစံ (၃-က)ဖြင့် မိမိရောက်ရှိနေသည့်နေရာ၌ပင် ဆန္ဒမဲပေးလိုကြောင်း လျှောက်ထားရမည် ဖြစ်သည်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက လျှောက်ထားသူ၏ မှတ်ပုံတင်၊ အသက်၊ လူမျိုး၊ ဥပဒေနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပြီးပါက မဲဆန္ဒရှင်စာရင်းတွင် နောက်ဆက်တွဲ မဲစာရင်းဖြင့် ထည့်သွင်းပေးမည်ဖြစ်သည်။ ယင်းနောက် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လျှောက်ထားသူ၏ မူလမဲဆန္ဒရှင်စာရင်းပါရှိရာ မြို့နယ်သို့ အကြောင်းကြားပြီး မဲဆန္ဒရှင်စာရင်းမှ အမည်စာရင်းကို ပယ်ဖျက်ပေးမည် ဖြစ်သည်။

အနည်းဆုံးမိမိခေတ္တနေထိုင်ရာ နေရာတွင် အနည်းဆုံး ရက်ပေါင်း ၁၈၀ နေထိုင်ခြင်းမရှိပါက နည်းဥပဒေ (၁၀) အရ အဆိုပါနေရာတွင် မဲပေးရန် အကျုံးဝင်မည်မဟုတ်ဘဲ ဆန္ဒမဲပေးလိုပါက မိမိမူလနေထိုင်ရာ ပုံစံ (၆၆/၆) အိမ်ထောင်စုစာရင်းရှိသည့်နေရာတွင်သာ မဲပေးနိုင်မည် ဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ပြည်သူများ ဆန္ဒမဲပေးနိုင်မည့် ပုံစံများအား ပြောကြားသည်။

"ကျွန်တော်ဆိုလိုတာက ရက်ပေါင်း ၁၈၀ နေထိုင်ခဲ့တာမရှိခဲ့ရင် သူတို့ လက်ရှိနေထိုင်ရာအရပ်မှာ မဲပေးခွင့်မရပေမယ့် အိမ်ထောင်စုစာရင်းရှိတဲ့ နေရာမှာ မဲပေးခွင့်ရှိပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့ ဆန္ဒမဲပေးပိုင်ခွင့်က ဆုံးရှုံးမှာမဟုတ်ပါဘူး။ သူတို့နေခဲ့ရာဇာတိမှာ သူတို့ရဲ့ အမည်စာရင်းရှိနေမှာဖြစ်ပြီး မဲပေးခွင့်ရမှာပါ။ အဲဒီမှာပြန်မဲပေးမယ်ဆိုရင်လည်း ပုံစံနှစ်မျိုးနဲ့ မဲဆန္ဒပေးလို့ရပါတယ်။ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ ဆန္ဒမဲပေးလို့ရတဲ့နေ့မှာ မဲပေးတဲ့ပုံစံရယ်၊ နောက်တစ်ခုက ကိုယ်က မဲပေးခွင့်ရတဲ့နေ့မှာ မဲလာပေးနိုင်မှာ မဟုတ်လို့ ကြိုတင်မဲပေးခဲ့တာမျိုးရယ်ပေါ့"ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဆိုသည်။

သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-သတင်းစဉ်

Grand Wynn of Companiesက ကြီးမှူးပြီး Mother's Choice မှ 2015 Mother's Day (အမေများနေ့)အထိမ်းအမှတ်အခမ်းအနားကို မေ ၁၀ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ Capital Hypermarket ၌ ကျင်းပစဉ်။ (မောင်မောင်)

ပန်းချီဆရာကြီး ဦးအောင်ချစ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်ကျင်းပ

မန္တလေး မေ ၁၃

မန္တလေးမြို့ပန်းချီဆရာကြီး ဦးအောင်ချစ် (မော်ကွန်းဝင်ပထမအဆင့်) နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်အနုပညာလက်ရာများပြပွဲကို မေ ၁၀ ရက်က မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် (၃၁)လမ်းနှင့်(၈၄)လမ်းထောင့်ရှိ ဓမ္မသာလခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာကြီးဦးအောင်ချစ်၏ သားဖြစ်သူ ဒေါက်တာကိုကိုလေးက အမှတ်တရစကားပြောကြားခဲ့ပြီး ပန်းချီဆရာကြီးဦးခင်မောင်သန်းနှင့် ပန်းချီဆရာကြီး ဦးခင်မောင်စန်းတို့က အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ငါးမည်ရ ဦးတင်သိန်းက နှစ် (၁၀၀)ပြည့်ရတု ဖတ်ကြားခဲ့ပြီး တက်ရောက်လာသော ဧည့်ပရိသတ်အပေါင်းအား မဟာရတနာပုံ ဂီတအဖွဲ့မှ ဧည့်ခံသီဆိုခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မြန်မာ့ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်မှု ပိုမိုကျယ်ပြန့်လာမည်

ရန်ကုန် မေ ၁၃

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် မိုဘိုင်းဖုန်းဆက်သွယ်မှုကို အကျယ်ပြန့်ဆုံး ကွန်ရက်အဖြစ် ကြိုးပမ်းလျက်ရှိရာ လာမည့် ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံဧရိယာ၏ ၇၀ ရာခိုင်နှုန်းကျော် ဆက်သွယ်ရေး ကွန်ရက်လွှမ်းခြုံသွားနိုင်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"နိုင်ငံတစ်ဝန်း မိုဘိုင်းဖုန်းဆက်သွယ်ရေးကွန်ရက်ကို အကျယ်ပြန့်ဆုံးဖြစ်အောင် ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ နယ်စပ်ဒေသများပါမကျန် ဆက်သွယ်ရေးတာဝန်များ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့် ၂၀၁၆ ခုနှစ် အကုန်ပိုင်းလောက်မှာ နိုင်ငံရဲ့ ဧရိယာ ၇၀ ရာခိုင်နှုန်းကျော်လောက်အထိ ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံနိုင်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ဆင်းကတ်ဈေးနှုန်းများကို ငွေကျပ် ၁၅၀၀ အထိ လျှော့ချလိုက်ချိန်မှစပြီး ဆက်သွယ်ရေးတာဝါတိုင်များ တိုးချဲ့တည်ဆောက်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံတွင် အကျယ်ပြန့်ဆုံးကွန်ရက် အဖြစ်ဆောင်ရွက်နိုင်ပြီဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးမှ ထုတ်လုပ်သော ဆင်းကတ်များသည် ပြည်ပကုမ္ပဏီများမှ ထုတ်လုပ်သော အော်ရီဒူး၊ တယ်လီနောတို့နှင့်အပြိုင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိရာ MPT ဆင်းကတ်များသည် ကွန်ရက်ကျယ်ပြန့်မှုကြောင့် ရောင်းအားအသာစီးရလျက်ရှိသည်။

MPT ဆင်းကတ်များသည် ကွန်ရက် အကျယ်ပြန့်ဆုံးဖြစ်သည့်အလျောက် မြို့ရွာဒေသအများစုနှင့် တယ်လီဖုန်းဆက်သွယ်မှုအကျယ်ပြန့်ဆုံးဖြစ်ခြင်းကြောင့် လူကြိုက်များလျက်ရှိသည်။

ယခုအခါ မြန်မာ့ဆက်သွယ်ရေးက တစ်နိုင်ငံလုံးဖြန့်ကြက်၍ အကျယ်ပြန့်ဆုံး ကွန်ရက်ဖြစ်အောင် ဆောင်ရွက်နေသကဲ့သို့ အင်တာနက်သုံးစွဲမှုကိုလည်း အမြန်ဆုံးဖြစ်အောင် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီကိုရယူကာ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

သတင်း-မောင်နွေသစ်
ဓာတ်ပုံ-သဏ္ဍ

လာမည့်နှစ်တွင် ပြန်လည်ဦးမော့လာမည့် အိမ်၊ မြေဈေးကွက်

ယမန်နှစ်ကစပြီး အရောင်းအဝယ်ထိုင်းလာခဲ့သည့် အိမ်၊ မြေဈေးကွက်မှာ လာမည့်နှစ်တွင် ပြန်လည်ဦးမော့လာမည်ဟု ယူဆရကြောင်း၊ တစ်ချိန်က ဈေးနှုန်း အဆမတန် မြင့်တက်ခဲ့သော အိမ်၊ မြေဈေးကွက်မှာ တဖြည်းဖြည်း ကျသွားရာမှ ယခုနှစ်ကုန်အထိ ဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းရကြောင်း၊ သို့သော်လည်း အိမ်၊ မြေဈေးကွက်သည် လွန်ခဲ့သောနှစ်များက အခြေအနေသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း အိမ်ရာမြေအကျိုးဆောင်များနှင့် ဈေးကွက်ကျွမ်းကျင်သူများက ဆိုသည်။

မြန်မာ့အိမ်ရာမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်သန်းက ယမန်နှစ် စက်တင်ဘာလက ရန်ကုန်မြို့တော် တိုးချဲ့ရေးစီမံကိန်းရပ်ဆိုင်းလိုက်ခြင်းကြောင့် အိမ်ဈေး၊ မြေဈေး အနည်းငယ်ကျဆင်းပြီး အရောင်းအဝယ်အေးသွားခဲ့ကြောင်း နောက်တစ်ချက်မှာ အောက်တိုဘာလကုန်ခါနီး (သို့) နိုဝင်ဘာလဆန်းမှာ ရွေးကောက်ပွဲကျင်းပဖွယ်ရှိတဲ့အတွက်လည်း အိမ်၊ မြေ အရောင်းအဝယ်အေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများကလည်း ဖော်ပြပါအခြေအနေများကို စောင့်ကြည့်ကြကြောင်း၊ မည်သို့ပင်ဆိုစေကာမူ၊ အိမ်ရာ၊ မြေဈေးကွက်သည် ခေတ္တသာအေးပြီး ယခင်ကလိုမကြာမီ ပြန်လည်ဦးမော့လာမည်ဖြစ်ကြောင်း ပြောကြားသည်။

လွန်ခဲ့သော ငါးလ ခြောက်လခန့်က အိမ်ရာမြေဈေးမှာ ရုတ်တရက်ရပ်ဆိုင်းသွားခဲ့သော်လည်း စီးပွားရေးပညာရှင်များနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူအချို့ကမူ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ဆက်လက်တိုးတက်ကောင်းမွန်မည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံသည် ဆောက်လုပ်ရေးနှင့် ဟိုတယ်ခရီးသွားကဏ္ဍများအပါအဝင် ကဏ္ဍအတော်များများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည်ကို ကြုံတွေ့ရမည်ဖြစ်ကြောင်း ၂၀၁၅ ခုနှစ်ကုန်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်မည်ဖြစ်ရာ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် လုပ်ငန်းချဲ့ထွင်လုပ်ကိုင်ခြင်းနှင့်အတူ မြန်မာ့အိမ်ရာမြေကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆိုသည်။

ဝရဇိန်

မြန်မာ-စင်ကာပူနှစ်နိုင်ငံပူးပေါင်း၍ လတ်တလောဖြစ်ပေါ်တတ်သော ပြစ်မှုများနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၁၃

ပြည်ထောင်စုရှေ့နေချုပ်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ် မေ ၁၁ရက် ညပိုင်းတွင် ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ် H.E. Mr. V.K Rajah, SC ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၂ ရက်က နေပြည်တော် ဟိုတယ်ဇုန်ရှိ Royal ACE Hotel ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စင်ကာပူနိုင်ငံရှေ့နေချုပ်ရုံးတို့ ပူးပေါင်းကျင်းပသည့် "လတ်တလောဖြစ်ပေါ်တတ်သော ပြစ်မှုများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပသည်။

အခမ်းအနားတွင် စင်ကာပူရှေ့နေချုပ်ရုံး၊ တရားစွဲအမှုလိုက်သင်တန်းကျောင်း ညွှန်ကြားရေးမှူး Mr. Leong Wing Tuck က နှုတ်ခွန်းဆက်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်က ယနေ့ အလုပ်ရုံဆွေးနွေးပွဲသည် Emerging Offences ဖြစ်ပါကြောင်း၊ ယခင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတကာအစည်းအဝေးများတွင် မိမိအနေဖြင့် ပါဝင်တက်ရောက်ဆွေးနွေးမှုများပြုလုပ်ခဲ့ပါကြောင်း၊ လူကုန်ကူးမှုကဲ့သို့သော ပြစ်မှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ရာ တစ်ဦးတည်းရပ်တည်၍ မရသည်ကို ပါဝင်ဆွေးနွေးခဲ့ပါကြောင်း၊ မြန်မာ-စင်ကာပူနှစ်နိုင်ငံသည် ဥပဒေကျင့်သုံးပုံ စနစ်ခြင်း တူညီကြသဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှာလည်း နက်ရှိုင်း၊ နွေးထွေးမှုရှိလာပြီး ပိုမိုခိုင်မြဲသော ဆက်ဆံမှုများရှိလာပါကြောင်း စသည်ဖြင့် ပြောကြားသည်။

စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စင်ကာပူနိုင်ငံရှေ့နေချုပ်ရုံးတို့အကြား အပြန်အလှန်အကျိုးကျေးဇူးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်၍ ကမ်းလှမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၏ ဖွဲ့စည်းပုံချင်း ဆင်တူကြကြောင်း၊ မိတ်ဆွေအဖြစ် လက်တွဲလုပ်သွားမည်ဟု ကတိပြုပါကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၉၇ခုနှစ်၌ အာဆီယံအဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံဖြစ်လာပါကြောင်း၊ ယင်းအချိန်မှစ၍ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းသာမက အာဆီယံဥပဒေအဖွဲ့တွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပြီး မိမိတို့နှစ်နိုင်ငံအကြား တရားစီရင်ရေးမှာလည်း တူညီကြပါကြောင်း၊ ယခုဆွေးနွေးပွဲမှ အတွေ့အကြုံများကို မြန်မာလူ့ဘောင်အတွက် များစွာအထောက်ကူပြုမည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် H.E. Mr. V.K Rajah ,SC ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမသို့ လာရောက်၍ ပြည်ထောင်စုရှေ့နေချုပ်အား တွေ့ဆုံဆွေးနွေးသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ဖွဲ့စည်းပုံ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးများနှင့် ရုံးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ ထူးချွန်ထက်မြက်သော ဥပဒေအရာရှိများကို စိစစ်ရွေးချယ်ပြီး စင်ကာပူနိုင်ငံသို့ ပညာတော်သင်အဖြစ် စေလွှတ်ရန် ဥပဒေရေးရာကိစ္စရပ်များတွင်လည်း မြန်မာ-စင်ကာပူနှစ်နိုင်ငံ နွေးထွေးစွာ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။ ယင်းနောက် စင်ကာပူနိုင်ငံ ရှေ့နေချုပ်က စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုသိုလ်တော်ဘုရားရှိ ကျောက်စာချပ်များအား ဓာတုဗေဒနည်းဖြင့် သန့်စင်ထိန်းသိမ်းမည်

မန္တလေး မေ ၁၃

မန္တလေးမြို့ ကုသိုလ်တော်ဘုရားရှိ ကျောက်စာ ၇၂၉ ချပ်ကို ရေရှည်တည်တံ့စေရန် ဓာတုဗေဒနည်းဖြင့် သန့်စင်၍ ကျောက်စာရုံတည်ထားသောစေတီများကို ပြုပြင်မွမ်းမံကာ ဓာတ်ပုံရိုက် မှတ်တမ်းပြုစုခြင်းနှင့် ကျောက်စာတွင် ရေးထိုးထားသည့် စာပေများကို ဘာသာပြန်၍ အွန်လိုင်းသို့ လွှင့်တင်ခြင်းလုပ်ငန်းကို ဇွန်လပထမပတ်မှစ၍ ဆောင်ရွက်နိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအား ဂျပန်နိုင်ငံ Chuo Academic Research Institute (CARI/RKK-Japan) ဌာန၏ ထောက်ပံ့ကူညီမှုဖြင့် ဩစတြေးလျနိုင်ငံ Sydney University ဗုဒ္ဓဘာသာနှင့် စာပေလေ့လာရေးဌာနမှ ပညာရှင်များနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)မှ ဝန်ထမ်းများက ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကာ စီမံကိန်းကာလကို သုံးနှစ်သတ်မှတ်ထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"ဒီလိုလုပ်ဆောင်ရတဲ့ရည်ရွယ်ချက်ကတော့ မင်းတုန်းမင်းတရားကြီးကိုယ်တိုင် ကျောက်ထက်အက္ခရာတင်ထားခဲ့ပြီး ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်မှတ်တမ်းဝင်ကျောက်စာချပ်တွေဖြစ်တဲ့အတွက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သလို ဗုဒ္ဓသာသနာရဲ့ ပိဋကတ်သုံးပုံစာပေတွေကို ကမ္ဘာအနှံ့ရောက်ရှိပြီး လေ့လာကြည့်ရှုနိုင်စေဖို့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် သစ်ဝါးတို့ဖြင့် ပြုလုပ်ထားသော အဆောက်အအုံများ၊ ပစ္စည်းများကို ခြနှင့်ပိုးမွှားများ ဖျက်ဆီးလေ့ရှိသဖြင့် ဓာတုဗေဒဆေးများကို နည်းပညာ အသုံးပြုလျက် ပိုးသတ်၊ မှိုင်းတိုက်လုပ်နည်း လုပ်ဟန်စသည်တို့ဖြင့် မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းလျက်ရှိသကဲ့သို့ နံရံဆေးရေးပန်းချီများ၊ ရှေးဟောင်းစာပေပစ္စည်းများကိုလည်း ဓာတုဗေဒနည်းဖြင့် သိပ္ပံနည်းကျစောင့်ရှောက်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်
(မန်းကိုယ်ပွား)

မင်္ဂလာဧည့်ခံပွဲနှစ်ခုမှ ပဲခေါက်ဆွဲ၊ ပဲဟင်းများ စားသုံးခဲ့သည့် ကျေးရွာနေပြည်သူ သုံးဦးသေဆုံးပြီး လေးဦးအရေးပေါ်ဆေးကုသမှုခံလျက်ရှိ

ရေနံချောင်း မေ ၁၃

ရေနံချောင်းမြို့နယ် ဘူးကျွန်းမြောက်ကျေးရွာ၌ မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲနှစ်ခုတွင် ကျွေးမွေးခဲ့သော ပဲခေါက်ဆွဲ၊ ပဲဟင်းများ စားသောက်ခဲ့သည့် ဘူးကျွန်းမြောက်ကျေးရွာနေသူ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၂၈ ဦး ဝမ်းပျက် ဝမ်းလျှောရောဂါများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုဝမ်းပျက်ဝမ်းလျှောလူနာများကို မေ ၁၁ ရက် နံနက်ပိုင်းမှစ၍ ဘူးကျွန်းကျန်းမာရေးဌာနခွဲမှ လက်ထောက် ကျန်းမာရေးမှူး ဒေါ်သူဇာပပအောင် ဦးစီးသော ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားသူ ၂၈ ဦးအနက် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၁ ဦးတို့မှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီး (စိုးရိမ်ရ) လူနာများမှာ ရေနံချောင်းပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသမှုများ ခံယူနေကြကြောင်း" ဟု ထိုကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။ ဘူးကျွန်းမြောက်ကျေးရွာမှ (စိုးရိမ်ရ) ဝမ်းပျက် ဝမ်းလျှောဖြစ်ပွားသူ အမျိုးသားသုံးဦးနှင့် အမျိုးသမီးလေးဦး စုစုပေါင်း ခုနစ်ဦးတို့မှာ ရေနံချောင်းပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူခဲ့ရာမှ မသက်သက်ခိုင် (၃နှစ်)သည် မေ ၁၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ဦးလှငွေး(၈၅ နှစ်)သည် အဆိုပါနေ့ ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ ဒေါ်လှသန်း (၇၂ နှစ်)သည် အဆိုပါနေ့ ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သေဆုံးသွားခဲ့ကြောင်း သိရပြီး လက်ရှိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း လေးဦးတို့သည် ရေနံချောင်းပြည်သူ့ဆေးရုံကြီး၌ အရေးပေါ်ဆေးကုသမှုခံယူနေကြကြောင်း ရေနံချောင်းပြည်သူ့ဆေးရုံမှ ဆေးရုံဝန်ထမ်းတစ်ဦးထံမှ သိရသည်။ **ကျော်ဇေယျ**

အကောက်ခွန်မဲ့ ပဲဆီအတုများနှင့် အခြားကုန်ပစ္စည်းများ သိမ်းဆည်းရမိ

မူဆယ် မေ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနီး အေးရှားဝေါလ်တိုးဂိတ်အနီး ရှောင်ကွင်းလမ်းမှ အကောက်ခွန်မဲ့ ပဲဆီအတုများနှင့် အခြားအခွန်မဲ့ ကုန်ပစ္စည်းမျိုးစုံကို မေ ၉ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

အဆိုပါ အကောက်ခွန်မဲ့ပစ္စည်းများကို မူဆယ်မြို့ ဌာနဆိုင်ရာပေါင်းစုံ (Mobile Team) အဖွဲ့ လှုပ်ရှားအဖွဲ့တို့မှ မေ ၉ ရက် နံနက်၄ နာရီတွင် (၁၀၅)မိုင် အေးရှားဝေါလ်အနီး ရှောင်ကွင်းလမ်း၌ သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ အကောက်ခွန်မဲ့ကုန်ပစ္စည်းများမှာ ပဲ(နှံ့ဆီ)အတု ၁၀ ဖာ၊ တရားမဝင် စုပုံထားသော စပျစ်ခြောက် ဖာ ၃၀၊ ကျောက်ပွင့် ၁၅ ထုပ်၊ ဂျုံမှုန့် အိတ် ၃၀၊ Sodium အမှုန့်ခြောက်ဖာ၊ ဆန်ပြား ၁၀ ထုပ်၊ ဂျယ်လီရှစ်ဖာ၊ ပလတ်စတစ်အိတ်သုံးအိတ်၊ နို့မှုန့်သုံးဖာ၊ ငရုတ်ကောင်းမှုန့် တစ်အိတ်နှင့် ကျောက်ကျောမှုန့်နှင့် ယိုဘူး ငါးအိတ်တို့ကို တရားမဝင် အကောက်ခွန်မဲ့ ဖမ်းဆီးရမိကြောင်း သိရသည်။ **မိုင်း(iprd)**

ဖရူဆိုမြို့နယ် ထီးတရဲရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

ဖရူဆို မေ ၁၃

ကယားပြည်နယ် ဖရူဆိုမြို့နယ် ထီးတရဲရပ်ကွက်၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ ရပ်ကွက်၌ နေထိုင်သူ ဒေါ်ရိုစတီးနာ (၅၄ နှစ်)၏ နေအိမ်မီးဖိုချောင် မီးကြွင်းမီးကျန်မှ တစ်ဆင့် နေအိမ်ကိုကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးစတင်လောင်ကျွမ်းနေစဉ် အိမ်ရှင်သည် အိပ်ပျော်နေ၍ ဘေးပတ်ဝန်းကျင်နေအိမ်မှ အော်ဟစ်အကူအညီတောင်းမှသာ သိခဲ့ရခြင်းဖြစ်ပြီး နေအိမ်အောက်ရှိ ဆိုင်ကယ်တစ်စီး၊ ပျဉ်ချပ်များနှင့် စပါးကျီတစ်လုံးကိုပါ လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ဖရူဆိုမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ပတ်ဝန်းကျင်နေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုမရှိဘဲ မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အိမ်ရှင်ဖြစ်သူ ဒေါ်ရိုစတီးနာတွင် နောက်ကျောဘက်နှင့် ဘယ်လက်တို့၌ အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဖရူဆိုမြို့နယ်ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသထားကြောင်းနှင့် မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင်ကို ဖရူဆိုမြို့နယ်ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ဦးကျော်(ဖရူဆို)

ကျောဖုံးမှ

အသင်းမှာ ယခုပြိုင်ပွဲတွင် နှစ်ပွဲစလုံးအနိုင်ရကာ နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ အခြားပွဲစဉ်များတွင် တရုတ်(တိုင်ပေ)အသင်းက ဩစတြေးလျအသင်းကို (၂၅-၂၃) မှတ်၊ (၂၆-၂၄) မှတ်၊ (၂၂-၂၅) မှတ်၊ (၂၀-၂၅) မှတ်၊ (၁၅-၁၃) မှတ်ဖြင့် အကြိတ်အနယ်ကစားကာ နှစ်ပွဲဆက်အနိုင်ရရှိခဲ့သည်။ တရုတ်နှင့်ဗီယက်နမ်တို့ပွဲတွင် တရုတ်အသင်းက (၂၅-၁၁) မှတ်၊ (၂၅-၁၄) မှတ်၊ (၂၅-၂၃) မှတ်ဖြင့် သုံးပွဲပြတ်၊ အီရန်အသင်းက အိန္ဒိယအသင်းကို (၂၅-၂၃) မှတ်၊ (၂၅-၂၀) မှတ်၊ (၂၅-၉) မှတ်တို့ဖြင့် သုံးပွဲပြတ်တို့ အနိုင်ရရှိခဲ့သည်။

အုပ်စုတတိယနေ့ပွဲစဉ်များကို မေ ၁၄ ရက်**(ယနေ့)**ဆက်လက်ကျင်းပမည်ဖြစ်ပြီး မော်လ်ဒိုက်နှင့် ထိုင်း၊ အိန္ဒိယနှင့် ဖိလစ်ပိုင်၊ ဩစတြေးလျနှင့် တရုတ်၊ ကာဇက်စတန်နှင့် ဂျပန်၊ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားတို့ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းပွဲစဉ်ပါဝင်မည်မဟုတ်ပေ။

ချန်ပီယံလိဂ် ဒုတိယအကျော့ အကြိုဗိုလ်လုပွဲ
ဘိုင်ယန်မြူးနစ် ၃- ၂ ဘာစီလိုနာ
(နှစ်ကျော့ပေါင်း ၅ဂိုး -၃ဂိုးဖြင့် ဘာစီလိုနာ ဗိုလ်လုပွဲတက်ရောက်သည်)

သီပေါမြို့နှင့်အနီးတစ်ဝိုက် လေပြင်းတိုက်၊ မိုးများရွာသွန်း တောင်ကျရေများကြောင့် မန္တလေး-လားရှိုးကားလမ်းရေလွှမ်း

သီပေါ မေ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ ၂ နာရီခွဲက အနောက်တောင်အရပ်မှ မိုးတိမ်များတက်လာပြီးတစ်နာရီ ၁၀မိုင်နှုန်းရှိ မိုးသက်လေပြင်းများတိုက်ခတ်ကာ မိုးထစ်ချုန်းရွာသွန်းခဲ့သဖြင့် အေးရှားဝေါလ်တိုးဂိတ်အနီး မန်ဟဲကျေးရွာတွင် ဓာတ်တိုင် သုံးတိုင်ကျိုး၍ စမ်းမာလာဥယျာဉ်အတွင်းရှိ သစ်ပင်ကြီးတစ်ပင်ပြိုလဲသွားသည်။ မိုးရွာစဉ် မန်ကျည်းစေ့အရွယ်ခန့်ရှိ မိုးသီးများကျပြီး မြူနှင်းများ ပိတ်ဖုံးကာအုံ့ဆိုင်းညို့မှိုင်းခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုနှင့်အတူ တောင်ကျရေများကျဆင်းလျက် ပန်ဆောက်ကျေးရွာ မန္တလေး-လားရှိုးကားလမ်း၌ ရေလွှမ်းမိုးသွားသည်။ ပန်ညူ၊ နောင်အန်ကျေးရွာ သီပေါကားလမ်းတစ်လျှောက်သစ်ပင်ကြီးများ သစ်ကိုင်းများ ကျိုးကျခဲ့ပြီး ဆွတ်လန်းကျေးရွာ လူနေအိမ်များ၊ ဒုဋ္ဌဝတီမင်းသမီးစားသောက်ဆိုင်မှာ သွပ်မိုးများလန်ကာ ပျက်စီးသွားသည်။

သီပေါမြို့အတွင်း ဓာတ်တိုင်များကျိုးကျခြင်း၊ သစ်ပင်ကြီးများ ပြိုလဲခြင်းများကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဌေးလွင်နှင့် လျှပ်စစ်ဝန်ထမ်းများ ပြန်လည်ပြုပြင်လျက်ရှိသည်။ ရေကျော်နေသော မန္တလေး-လားရှိုးကားလမ်းမှာလည်း ရေများပြန်လည်ကျသွားသဖြင့် ယခုအခါ မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိသည်ကိုတွေ့ရသည်။

စိုင်း(သီပေါ)

မြန်မာ့အသံ၏ Mobile Radio အစီအစဉ် မေ ၁၅ ရက်တွင် စတင်မည်

နေပြည်တော် မေ ၁၃

မြန်မာ့အသံ (ရေဒီယို) သတင်းများကို Mobile Phone များတွင် အလွယ်တကူ နားဆင်နိုင်မည့် Mobile Radio အစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Blue Ocean Operating Management Company Limited တို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ် မေ ၁၅ ရက်တွင် စတင်တော့မည်ဖြစ်သည်။

နားဆင်လိုသူ ပြည်သူများအနေဖြင့် ဖုန်းနံပါတ် ၀၁-၂၃၉၉၁၀၃ ကို နှိပ်၍ Subscribe လုပ်လိုက်ရုံဖြင့် စက္ကန့် ၉၀ စာ မြန်မာ့အသံရေဒီယို သတင်းများကို နံနက် ၈ နာရီတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတစ်ကြိမ်၊ ည ၇ နာရီတစ်ကြိမ် စုစုပေါင်းတစ်နေ့သုံးကြိမ် နားဆင်နိုင်ကြမည်ဖြစ်သည်။

Mobile Radio အစီအစဉ်အတွက် စက္ကန့် ၉၀ စာ Voice blast တစ်ကြိမ် ပေးပို့လျှင် ငွေကျပ် ၅၄ ကျပ်နှုန်းဖြင့် တစ်ရက်သုံးကြိမ် ၁၆၂ ကျပ်နှုန်းအား Subscriber များ၏ ဖုန်းလက်ကျန်ငွေထဲမှ ကောက်ခံသွားမည်ဖြစ်ပါသည်။ အကယ်၍ ဆက်လက်ရယူနားဆင်လိုခြင်းမရှိလျှင် Unsubscribe လုပ်လိုက်ပါက Voice blast ပေးပို့မှု အလိုအလျောက် ရပ်တန့်သွားမည်ဖြစ်သည်။

အဆိုပါ Mobile Radio အစီအစဉ်တွင် နောက်ဆုံးရပြည်တွင်းသတင်းများ၊ နိုင်ငံတကာသတင်းများ၊ အားကစားသတင်းနှင့် ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ စိတ်ဝင်စားဖွယ်ရာသတင်းများကို နားဆင်ကြရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

ကသာမြို့၌ မိုးရွာသွန်းလေတိုက်၍ သစ်ပင်ကျိုးကျ

ကသာ မေ ၁၃

ကသာမြို့တွင်မိုးရွာသွန်းပြီးလေပြင်းတိုက်ခတ်မှုကြောင့် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက သစ်ပင်ကျိုးကျသဖြင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုအဖွဲ့အစည်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်အဖွဲ့သားများက လိုက်လံစစ်ဆေးခြင်း၊ ကျိုးကျသစ်ပင်များကြောင့် လမ်းပိတ်ဆို့မှုမဖြစ်ရေး ရှင်းလင်းခြင်းဆောင်ရွက်ကြောင်းသိရသည်။

ထို့ပြင် မိုးရေချိန် ၃ ဒသမ ၀၇ စင်တီမီတာရွာသွန်း၍ လေပြင်းတိုက်ခတ်ခြင်းကြောင့် လမ်းမတော်လမ်းမရှိ မိုးဇလအနီးသစ်ပင်ကျိုးကျခြင်း၊ ပြန်ဆက်ရုံးအနီးရှိ ကြို့ပင်အမြစ်မှလဲခြင်း၊ပြည်သာယာလမ်းမရှိ လျှပ်စစ်ဓာတ်တိုင်တစ်တိုင် လဲကျခြင်း၊ အမက (၈၆)စာသင်ကျောင်းသွပ်မိုးများ ကွာကျခြင်း၊ အမှတ်(၃)ရပ်ကွက်စစ်မှုထမ်းဟောင်းရုံးအနီး ပိတောက်ပင်ကျိုးကျခြင်း၊ မြို့တွင်းရှိလမ်းအတွင်း ရေလျှံခြင်း၊ မီးရထားသံလမ်းများ ရေထွက်ပေါက်အားနည်းသဖြင့် ရေမြုပ်ခြင်း၊ ဈေးဆိုင်အချို့ မျက်နှာစာသွပ်မိုးများ ကွာကျခြင်းဖြစ်ပေါ်ခဲ့သည်။

မိုးရွာသည်နှင့်မြို့တွင်းလမ်းများ ရေနုတ်မြောင်းပြုပြင်ထားရှိမှုအားနည်းခြင်းကြောင့် လမ်းမတော်လမ်း၊ ဈေးအရှေ့လမ်း၊ မီးရထားဘူတာသံလမ်းများ ရေနစ်မြုပ်ခြင်း၊ ရေကျော်ခြင်းများဖြစ်သည့်အတွက်မြို့တွင်း ရေနုတ်မြောင်းများ မိုးတွင်းကာလ မရောက်မီပြုပြင်ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်းဒေသခံများထံမှ သိရသည်။ **ငွေအိုး(ကသာ)**

တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် တရားမဝင်သစ်များနှင့် တစ်ဖက်နိုင်ငံသားများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၃

ကချင်ပြည်နယ် စီခန်းကြီးဒေသ နန့်လင်းပါကျေးရွာအနီးတစ်ဝိုက်တွင် တရားမဝင်သစ်များ စုပုံထားရှိပြီး တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိရာ မေ ၁၁ ရက်တွင် ကေအိုင်အေအဖွဲ့အချို့နှင့် ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး ၎င်းပတ်ဝန်းကျင်အား ရှင်းလင်းစဉ် တရားမဝင် ဝင်ရောက်နေသော တစ်ဖက်နိုင်ငံသား နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၅ နှင့် ၇ ရက်တို့တွင်လည်း နန့်လင်းပါ ကျေးရွာဝန်းကျင်၌ တရားမဝင်သစ်များ၊ သစ်တင်ယာဉ်များ၊ တစ်ဖက်နိုင်ငံသားများအား ဖမ်းဆီးရမိခဲ့ပြီး ကေအိုင်အေအဖွဲ့အချို့နှင့်လည်း ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

ဖမ်းဆီးရမိတရားခံနှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားအထူးအဖွဲ့(၇)ကျောက်တော်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇)ကျောက်တော်မြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ချင်းပြည်နယ် အစိုးရရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မီးချောင်းတံတား၊ သဲမတံတား၊ နှမဒါတံတား လုပ်ငန်းများအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်
၁။	ဘိလပ်မြေ
၂။	သံချောင်းလုံးရှယ်စုံ
၃။	မြစ်ကျောက်စရစ်
၄။	မြစ်သဲ
၅။	တောသစ်ခွဲသား
၆။	တည်ဆောက်ရေးပစ္စည်းများ

တင်ဒါပေးသွင်းရမည့်ရက် - ၁-၅-၂၀၁၅ ရက်မှ ၁၄-၅-၂၀၁၅ ရက်
အချိန် - ၉း၃၀နာရီမှညနေ ၄း၃၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန် - ၂၃-၅-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - မြို့နယ်အင်ဂျင်နီယာမှူးရုံး၊ ပလက်ဝမြို့၊ ချင်းပြည်နယ်
ဖုန်း-၀၄၃-၇၀၂၅၈

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇)၊ ကျောက်တော်မြို့၊ ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ၁-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အငြိမ့်ခေတ်ရေစီးကြောင်း တီဗွီအစီအစဉ်သစ်ကို စတင်ရိုက်ကူးနေပြီး မကြာမီထုတ်လွှင့်မည်

သတင်း-တင်မောင်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွေး

နေပြည်တော် မေ ၁၃

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးလက္ခဏာတစ်ရပ်ဖြစ်သည့် မြန်မာ့သုခမအငြိမ့်သဘင်ကို ခေတ်ကာလနှင့်အညီ ပြန်လည်ဖော်ထုတ်ပြီး ပရိသတ်များ၏ ရင်ထဲတစ်ဖန် ပြန်လည်စိမ့်ဝင်စီးဆင်းလာစေရန် အငြိမ့်ခေတ်ရေစီးကြောင်း တီဗွီအစီအစဉ်သစ်ကိုစတင်ရိုက်ကူးနေရာ ပရိသတ်ကြီး မကြာမီ ခံစားကြည့်ရှုရတော့မည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် HOME (House of Media Entertainment) တို့ ပူးပေါင်းပြီး ရုပ်သံဇာတ်လမ်းတွဲ၊ အငြိမ့်နှင့် တမ်းတမ်းတတ စွဲမက်ခဲ့ရသော ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများ အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားတွင် အခန်းဆက်ထုတ်လွှင့်ပြသနိုင်ရန် မေ ၁၁ ရက်က စတင်ပြီး နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံအတွင်း၌ ရိုက်ကူးလျက်ရှိသည်။

မေ ၁၃ ရက် **(ယနေ့)**တွင် ဒါရိုက်တာဦးသူရ(ဇာဂနာ) စီစဉ်သည့် "အငြိမ့်ခေတ်ရေစီးကြောင်း "အမည်ရှိ တီဗွီအစီအစဉ်ကို စတင်ရိုက်ကူးရာ အဆိုပါအငြိမ့်တွင် အဓိကပါဝင်ကြသူများကို မြန်မာ့အလင်းက တစေ့တစောင်း မေးမြန်းခဲ့သည်။

ယနေ့ရိုက်ကူးသည် အပိုင်း ၁၄ ပိုင်းပါရှိသော အငြိမ့်ခေတ်ရေစီးကြောင်းအစီအစဉ်ကို အဓိကပံ့ဖော်ရိုက်ကူးသူ ဦးသူရ(ဇာဂနာ)က "ကျွန်တော်ဒီအစီအစဉ်လေးကို ရိုက်ကူးဖို့ရည်ရွယ်ခဲ့တာ ၁၀ နှစ်ကျော်လောက်ရှိပါပြီ။ အခုမှ တကယ်အကောင်အထည် ပေါ်လာတာပါ။ အငြိမ့်နဲ့ပတ်သက်ပြီးပြောရရင် အငြိမ့်ဟာ ကျွန်တော့်ရဲ့ဘဝပါပဲ။ ၁၉၈၃ ခုနှစ် ဇန်နဝါရီ ၁ ရက်က မြန်မာပြည်တစ်ပြည်လုံး ရုပ်မြင်သံကြား စလွှင့်တယ်။ အဲဒီညမှ ပထမဦးဆုံးစလွှင့်တဲ့ အငြိမ့်က ကျွန်တော်တို့ မိုးနတ်သူဇာ၊ အငြိမ့်မင်းသမီးက သီတာဝင်းဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ခေတ်ငါးခေတ်အငြိမ့်ကို ကပြခဲ့တယ်။ အချိန်နည်းတော့ ခေတ်ငါးခေတ်ကို အတိုချုံးပြီး ကပြခဲ့ရတယ်။ အခုက အချိန်လည်းရတော့ အငြိမ့်ခေတ် ၁၄ ခေတ်လောက်ပိုင်းပြီး တင်ဆက်ရိုက်ကူးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ အငြိမ့်ခေတ်ရေစီးကြောင်း ရိုက်ကူးဖြစ်မှုနှင့်ပတ်သက်၍ "တကယ်တမ်းကျတော့ အငြိမ့်သဘင်ကို လူတွေမသိကြဘူး ဖြစ်နေတယ်။ အငြိမ့်က အမျိုးသားရေးလက္ခဏာ အစစ်အမှန်တစ်ခုပဲ။ တခြားဂီတတို့၊ ရုပ်ရှင်တို့၊ သဘင်တို့မှာလည်း မရှိတော့ဘူး။ အမျိုးသားရေးလက္ခဏာဆိုတာ အငြိမ့်လို့ ပြည်သူတွေသိရင် ကျွန်တော်တို့ကျေနပ်ပါပြီ။ ကျွန်တော်တို့သိထားတဲ့ဟာကို ရင်ထဲမှာပိုက်ပြီး သေသွားရင် ဘယ်သူ့ကိုမှ အမွေမပေးခဲ့ရဘူး။အဲတော့ဒီကလေးတွေ၊လူငယ်တွေလက်ထဲကို အငြိမ့်နဲ့ပတ်သက်တဲ့ အမွေအနှစ်တွေ လက်ဆင့်ကမ်းပေးတယ်။ သူတို့လက်ထဲရောက်ရင်လည်း ဒီအမွေအနှစ်တွေကို နောင်လာမယ့် မျိုးဆက်သစ်တွေဆီ ပြန်ပြီးလက်ဆင့်ကမ်းမယ်ဆိုရင် မြန်မာတို့ရဲ့အငြိမ့်ဆိုတာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာမဟုတ်ပါဘူး။ နိုင်ငံတကာမှာလည်း ရိုးရာနဲ့ခေတ်ဆိုတာ တိုက်ပွဲပါပဲ။ ကျွန်တော်တို့ ခေတ်ပေါ်ပညာတွေအများကြီးနဲ့ ဒီအငြိမ့်သဘင်ကို ရှင်သန်အောင်၊ ဆန်းသစ်အောင် ဆက်လက်လုပ်ဆောင်သွားပါမယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ဆက်လက်ပြီး ယနေ့ကပြ တင်ဆက်သည့် ဂီတမယ် လှကလေးစိန် အငြိမ့်တွင် အငြိမ့်မင်းသမီးအဖြစ် ကပြတင်ဆက်သူ မမေသော်ချစ်က "ဒီနေရာမှာ ပါဝင်ကပြဖြစ်တာက ကိုယ်တိုင်ရွေးချယ်တာမျိုး မဟုတ်ပါဘူး။ ကျွန်မတို့ကျတော့ ဘယ်သူ့ကိုမှလည်း သိတာမိတာမရှိဘူးဆိုတော့ သိတဲ့ မိတဲ့ ဆရာတွေ ချပြတာကိုပဲ ပြန်ပြီးသင်ယူပြီး ဖျော်ဖြေခြင်းဖြစ်ပါတယ်။ အရင်က ကျောက်ပန်းတောင်းမြို့မှာ အငြိမ့်ငါးနှစ်လောက်ကခဲ့ဖူးတယ်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို ပြန်လည်ပြီးထုတ်ဖော်ခွင့် သင်ကြားခွင့်ရတဲ့အတွက် နောင်လာနောက်သားများအတွက်ကို လည်း ယဉ်ကျေးမှုအနေနဲ့ ပြန်လည်ပြီး ကြည့်ချင်ရင် ကြည့်လို့ရအောင် အမှတ်တရအနေနဲ့လည်း ဖြစ်အောင်ဆိုပြီး ပါဝင်ခွင့်ရတာကိုပဲ ဆရာတွေကို ကျေးဇူးတင်ပါတယ်။ ဂီတမယ် လှကလေးစိန်နေရာမှာရယ်၊ ဥက္ကလာမအေးကြည်နေရာမှာရယ် ပါဝင်ကပြရမှာဖြစ်ပါတယ်။ ကိုယ်ဝါသနာပါတဲ့ အလုပ်လုပ်ရတဲ့အတွက် စိတ်ချမ်းသာတယ်။ ဝမ်းလည်းဝမ်းသာပါတယ်" ဟု ပီတိစကားကို ဆိုသည်။

ဒါရိုက်တာ ဦးသူရ(ဇာဂနာ)

အဆိုပါ အငြိမ့်တွင် လူရွှင်တော်အဖြစ် ပါဝင်သည့် သီးလေးသီးအဖွဲ့မှ စိန်သီးက "ကျွန်တော်တို့က ဒီအစီအစဉ်မှာ မင်းသမီးဂီတမယ် လှကလေးစိန်နဲ့ လူရွှင်တော် ဦးထင်ပေါ်တို့ခေတ်က လူရွှင်တော်နေရာမှာ ပါဝင်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့ သီးလေးသီးထဲက ပထမသီးလေးသီး ဖြစ်တဲ့ ကျွန်တော်နဲ့ ဇီးသီးတို့အပြင် နောက်လူငယ်တစ်ဦးဖြစ်တဲ့ သြဇာသီး၊ ဂေါက်သီးတို့ကို မျိုးဆက်သစ်အနေနဲ့ မွေးထုတ်လိုက်ပါတယ်။ မြန်မာ့ရေစီးကြောင်း အငြိမ့်သဘင်မှာ ပါဝင်ခွင့်ရတာ ကျွန်တော်တို့အတွက် ကုသိုလ်ကံကောင်းတယ်လို့ ပြောရမှာပါ။ အစီအစဉ်တွေ ဖြစ်မြောက်အောင် ကျွန်တော်တို့ဆရာတွေ နှစ်ပေါင်းများစွာ စိတ်ကူးယဉ်ခဲ့တာ အခုတော့ပိုင်ပိုင်နိုင်နိုင်နဲ့ အကောင်အထည်ဖော်နိုင်ပါပြီ။ ပရိသတ်တွေအနေနဲ့ ကျွန်တော်တို့ဘက်မှာ အမှားအယွင်းလေးတွေရှိရင် ဖြည့်စွက်ပြီး ကြည့်ရှုပေးပါလို့ ပြောချင်ပါတယ်။ ဒီအစီအစဉ်မှာ ကျွန်တော်တို့အနေနဲ့ နိုင်ငံရေးလုပ်တာ မဟုတ်ပါဘူး။ နိုင်ငံရဲ့အရေးတွေ လုပ်နေတာဖြစ်တဲ့အတွက် မှားတာလေးတွေတွေ့ရင် အပြုသဘောနှင့် မြင်ပေးကြပါ "ဟု ပြောသည်။

ဆက်လက်ပြီး သီးလေးသီးမှ မျိုးဆက်သစ်လူရွှင်တော် ဆန်းသစ်(သြဇာသီး)က "ကျွန်တော် ဒီနေပြည်တော်ရောက်မှ သီးလေးသီးနဲ့ညီအောင်ဆရာဇာဂနာက သြဇာသီးလို့အမည်ပေးပါတယ်။ လူရွှင်တော်တွေအနေနဲ့ အငြိမ့်ကဖြစ်တာ ခုနစ်နှစ်လောက်ရှိပါပြီ။ ဒီလိုရိုက်ကူးရေးကို မလုပ်ခင် ကတည်းက အပြင်လောကမှာ အငြိမ့်တွေ ကတယ်။ ပြိုင်ပွဲအတော်များများမှာ ဆုတွေရခဲ့တယ်။ မြန်မာ့အနုပညာကိုဆက်လက်ထိန်းသိမ်းဖို့ဆိုတာ ကျွန်တော်တို့လူငယ်တွေမှာလည်း တာဝန်ရှိပါတယ်။ဆရာဦးဇာဂနာတို့က ကျွန်တော်တို့ကို သီးလေးသီးက အကူအညီနဲ့ တွဲပြီးတော့ ပရိသတ်နဲ့ အငြိမ့်ချစ်တဲ့သူတွေ အကုန်လုံးသိရအောင် အခုလို ရိုက်ကူးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါလည်း အငြိမ့်အစဉ်အလာကို လက်ဆင့်ကမ်း ထိန်းသိမ်းတဲ့ သဘောပါပဲ။ အငြိမ့်ခေတ်ရေစီးကြောင်းအစီအစဉ်မှာ ခုလိုပါဝင်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ကိုယ်ဝါသနာပါတဲ့အလုပ်မို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ နောင်လည်း ဆက်လက်ကြိုးစားသွားမှာပါ။ ပရိသတ်ကြီးအနေနဲ့ ဆန်းသစ်ပဲဖြစ်ဖြစ် သြဇာသီးပဲဖြစ်ဖြစ် ကြည့်ရှုအားပေးပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

မြေရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်၊ သုဝဏ္ဏ၊ အောင်ဇေယျ(၈)လမ်း၊ လမ်းသွယ် (၂)၊ ပေ၄၀xပေ၆၀ (ဂရန်မြေ) ဆိုဈေး ကျပ်သိန်း ၃၉၅၀

ဆက်သွယ်ရန် - ၀၉-၄၃၁၇၃၄၈၈

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/8220 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6969 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အမည်ပြောင်း

ပန်တောင်းမြို့နယ်၊ ဆင်တဲကျေးရွာနေ ဦးဖာကတုတ်၏ သမီး မခင်အေးဝင်း ၇/ပတန(နိုင်)၀၅၃၄၂၉အား နန့်အေးဝင်းဟု ပြောင်းလဲခေါ်ပါရန်။

နန့်အေးဝင်း

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားအထူးအဖွဲ့(၇)ကျောက်တော်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇)၊ ကျောက်တော်မြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ တံတားလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအစား
၁။	ဘိလပ်မြေ
၂။	Bentonite
၃။	မြစ်ကျောက်စရစ်
၄။	မြစ်သဲ
၅။	တောသစ်ခွဲသား
၆။	ပျဉ်းကတိုးသစ်

တင်ဒါပေးသွင်းရမည့်ရက် - ၆-၅-၂၀၁၅ ရက်မှ ၂၇-၅-၂၀၁၅ ရက်
အချိန် - ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့် ရက်နှင့်အချိန် - ၂၈-၅-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၇) ကျောက်တော်မြို့
ဖုန်း- ၀၄၃-၇၀၂၅၈

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇)၊ ကျောက်တော်မြို့၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ၆-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဒေါ်ယုယုမြင့်
ACCA CIMA DIP IFR LCCI
Auto Count Job Training Corporate Training
Level 7, MTP Condo
09 795940344, 09 73030977, 09 5014563

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၊ မြေကွက်အမှတ် ၇၃၁၊ မြေကွက်တည်နေရာအမှတ် ၇၃၁၊ မာဃ ၄ လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးလှသန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှသန်း ကွယ်လွန်သဖြင့် ဒေါ်ခင်ခင် ၁၂/ဥကတ(နိုင်) ၁၁၂၄၂၃က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၄၁၃(၁၁-၁၂-၁၄)ဖြင့် ရရှိသူ ဒေါ်စီစီဝင်း ၁၂/သကတ(နိုင်)၁၁၂၃၇၆မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၀၉၈၇ (၂၄-၁၂-၁၄)ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တိုက်ခန်းကျယ်ရောင်းမည်
Ph : 09-5044926

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖြိုးသူအောင် ၁၄/ပသန(နိုင်)၁၈၂၆၈၇၅၏နိုင်ငံကူးလက်မှတ် A-053587 အမှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ **မောင်ဖြိုးသူအောင်**
ဖုန်း-၀၉-၇၉၄၅၁၃၄၅၉

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

အမေရိကန်ဒေါ်လာငွေများ ခိုးယူသူကို ဖမ်းဆီးရမိ

ရန်ကုန် မေ ၁၃

ပုဇွန်တောင်မြို့နယ်နေ ငါးဖမ်းသင်္ဘောလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီပိုင်ရှင်ဖြစ်သူသည် အလုပ်ခန့်ထားရန်အတွက် ကုမ္ပဏီရုံးခန်း၌ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်နေ အောင်ကိုလတ် (၃၀နှစ်)အား မေ ၅ ရက်က လူတွေ့မေးမြန်းပြီး ခဏအကြာ ရေအိမ်သို့သွားရောက်ခဲ့ကြောင်း၊ ရုံးခန်းသို့ ပြန်ရောက်စဉ် စားပွဲပေါ်၌ထားရှိသော ပလတ်စတစ်အိတ်ဖြင့်ထည့်ထားသည့် အမေရိကန်ဒေါ်လာ ၁၀၀ တန် ၁၀၆၃ ရွက် စုစုပေါင်းဒေါ်လာ ၁၀၆၃၀၀ ပျောက်ဆုံးနေသည်ကို တွေ့ရှိရပြီး လူတွေ့ဖြေဆိုသူ အောင်ကိုလတ်က ယူဆောင်သွားကြောင်း သိရှိရသောကြောင့် စုံစမ်းအရေးယူပေးပါရန် တိုင်တန်းချက်အရ ဗိုလ်တထောင်မြို့မရဲစခန်းက စုံစမ်းခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် အဆိုပါအမှုမှ အောင်ကိုလတ်အား စုံစမ်းရှာဖွေခဲ့ရာ မေ ၁၁ ရက်က လှိုင်သာယာမြို့နယ်ရှိ တည်းခိုခန်းမှ ဖမ်းဆီးရမိခဲ့ပြီး အမှုမှဒေါ်လာကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူထံက အမေရိကန်ဒေါ်လာများကို မြန်မာကျပ်ငွေဖြင့်လဲလှယ်၍ ဝယ်ယူထားခဲ့သောပစ္စည်းများကို ပြန်လည်သိမ်းဆည်းခဲ့ပြီး ကျန်ရှိသည့်သက်သေခံပစ္စည်းနှင့် ငွေများကိုလည်းသိမ်းဆည်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း-SP

နေအိမ်ဝင်းအတွင်းဝင်ရောက်၍ လှံဖြင့်ထိုး၊ တုတ်ဖြင့်ရိုက်

အောင်လံ မေ ၁၃

အောင်လံမြို့နယ် အင်းပေါက်ကျေးရွာတွင် မေ ၁၁ ရက် ည ၈ နာရီက နေအိမ်ဝင်းအတွင်းဝင်ရောက်၍ လှံဖြင့်ထိုး၊ တုတ်ဖြင့်ရိုက်သည့်အမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ တရားလိုဒေါ်မြင့်မြင့်ထွေး အင်းပေါက်ကျေးရွာ နေအိမ်၌ ရှိနေစဉ် ရွာထဲအလည်သွားနေသော သားဖြစ်သူ ရဲကိုကို အင်းပေါက်ရွာနေသူသည် ခြံဝင်းအတွင်းပြေးဝင်လာသည်ကိုတွေ့ရကာ နောက်မှလိုက်လာသူ အောင်ဇော်လင်း အင်းပေါက်ရွာနေသူသည် လက်ထဲတွင်လှံတစ်ချောင်းကိုင်ဆောင်ကာ ပြေးလိုက်လာပြီး နေအိမ်လှေကားရင်းအရောက်တွင် ရဲကိုကိုအား လှံဖြင့်ထိုးလိုက်ရာ ရဲကိုကိုမှာ ဒဏ်ရာများရရှိခဲ့သည်။

ထိုအချိန် တရားလို၏ခင်ပွန်း ဦးတင်အေးက လှံကိုလုယူထားစဉ် အောင်ဇော်လင်းသည် ခြံဝင်းအတွင်းအရှည်နှစ်တောင်ခန့်ရှိ သစ်သားတုတ်ကို ကောက်ယူ၍ ရဲကိုကိုအား ထပ်မံရိုက်သဖြင့် ရဲကိုကိုတွင် ဒဏ်ရာထပ်မံရရှိခဲ့၍ သားဖြစ်သူရဲကိုကိုအား နေအိမ်ခြံဝင်းအတွင်းဝင်ရောက်ပြီး လှံနှင့်ထိုး၊ တုတ်နှင့်ရိုက်သူ အောင်ဇော်လင်းအပေါ် အရေးယူပေးပါရန် အမှုဖွင့်သဖြင့် ပြစ်မှု ကျူးလွန်သူကို အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိပ်ပျော်နေသူကို ပုဆိန်ဖြင့်ထု

ရေတာရှည် မေ ၁၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဇလုပ်ကြီးကျေးရွာ၌ မေ ၁၀ ရက် ညနေပိုင်းက အိပ်နေသူကို တစ်ရွာတည်းနေသူက အိမ်ပေါ်တက်ကာ ပုဆိန်ဖြင့်ထုခဲ့ကြောင်း သိရသည်။

ရေတာရှည်မြို့ အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာရှိ ဇလုပ်ကြီးကျေးရွာနေ ဦးအောင်မင်း(၆၁ နှစ်)သည် ၎င်း၏နေအိမ်ပေါ်၌ အိမ်နီးချင်းနေ ဦးတင်ဦး (၄၂ နှစ်) နှင့်အတူ အိပ်ပျော်နေစဉ် လန့်နိုးပြီး ကြည့်ရာ ဦးတင်ဦးကို တစ်ရွာတည်းနေ ဖိုးဦး (၃၂ နှစ်)က ပုဆိန်ဖြင့် သုံးချက်ခန့် ထုနေသည်ကိုတွေ့ရပြီးနောက် ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံရာ ဖိုးဦးမှာ အိမ်ပေါ်ကဆင်းသွားခဲ့ပြီး ဦးတင်ဦး၏ ဦးခေါင်းငယ်ထိပ်၌ ပေါက်ပြဲဒဏ်ရာသုံးချက် (စိုးရိမ်ရ) ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

လက်ပံတုန်းကျေးရွာ ဘွက်ကြီးချောင်းစပ်တွင် လူသတ်မှုဖြစ်ပွား

အောင်လံ မေ ၁၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် လက်ပံတုန်းကျေးရွာနေ ဦးအုန်းငွေသည် မေ ၁၀ ရက်က ၎င်း၏နေအိမ်တွင်ရှိနေစဉ် တစ်ရွာတည်းနေ အောင်သန်းထွေးရောက်ရှိလာပြီး ညီဖြစ်သူ ဦးလှသိန်း (၅၇ နှစ်)သည် လက်ပံတုန်းကျေးရွာနှင့် စခန်းကြီးကျေးရွာကြား ချောင်းစပ်တွင်ဓားခုတ်ခံရ၍ သေဆုံးနေကြောင်း ပြောဆိုသဖြင့် သွားရောက်ရာ ဦးလှသိန်းသည် ချောင်းမြောက်ဘက်ရေထဲတွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။

၎င်းစီးသွားသော ၄ယ/------ KENBO ဆိုင်ကယ်ကို အနီးတွင် လဲလျက်တွေ့ရကြောင်း ရွှေပန်းတောနယ်မြေရဲစခန်းကို တိုင်ကြားသဖြင့် ပြစ်မှုကျူးလွန်သူ (စုံစမ်းဆဲ)ကို အမှုဖွင့်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ငူတွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

တောင်ငူ မေ ၁၃

ရန်ကုန်-မန္တလေးအမြန်လမ်းနှင့် ပုံမှန်လမ်းဟောင်းတို့ကို ဆက်သွယ်ထားသော ထီးလှိုင်ကွန်ကရစ်လမ်းဘေးရှိ အအေးဆိုင်၌ မေ ၁၁ ရက် ည ၁၁ နာရီခွဲခန့်က သတင်းအရ တောင်ငူအထူးမူးယစ်တပ်ဖွဲ့မှ ဒုရဲအုပ်အောင်ဇေမျိုး အမှတ်(၂) နယ်မြေရဲစခန်းမှ ဒုရဲအုပ်သန်းထိုက်ထွေး ပူးပေါင်းအဖွဲ့တို့သည် သက်သေများနှင့်အတူ စောကျော်ဝေလင်း(ခ)မိုးတိမ် (၂၇နှစ်)ငှက်ပျောတောရွာ သံတောင်ကြီးမြို့နယ်နေသူသည် ဆိုင်အတွင်းအအေးသောက်ရန်ထိုင်နေစဉ် ၎င်းအားစစ်ဆေးမေးမြန်းပြီး ၎င်းစီးလာသောယာဉ်ကိုရှာဖွေရာ ယာဉ်၏နောက်ယာဘက်ထိုင်ခုံအောက် အံခွက်အတွင်း၌ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀၊ အစိမ်းရောင်ရူးသွပ်ဆေးပြား ၂၀ စုစုပေါင်းဆေးပြား၂၀၀၀ အလေးချိန် ၂၀၀ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ်သိန်း ၁၀၀ ရှိ ဆေးပြားများကို သိမ်းဆည်းရမိသဖြင့် တောင်ငူအမှတ်(၂) ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သူရ(တောင်ငူ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊ သိုလှောင်ရုံရှိ နှစ်ကြာစက္ကူဟောင်း ၃၈မျိုးအား ပုံတိုက်အနေဖြင့် တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်ပါသည်။
(၂) တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များ ရောင်းချရက် ၁၁-၅-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်
(၃) ပစ္စည်းများလာရောက်ကြည့်ရှုခြင်းနှင့် အာမခံစပေါ်ငွေပေးသွင်းရက် ၁၁-၅-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်
(၄) တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုခြင်း၊ တင်ဒါဖောင်ဝယ်ယူလိုခြင်းများအတွက် ၁၁-၅-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ အောက်ပါဌာနတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချရေးအဖွဲ့
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၀၁-၃၈၂၀၇၀၊ ၀၁-၃၈၀၈၀၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ အလျားပေ(၅၀)၊အနံပေ(၆၀)၊ အမြင့်(၂၆)ပေရှိ RC နှစ်ထပ် အဖွဲ့ရုံးအဆောက်အအုံအသစ်တစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော ကုမ္ပဏီ/အဖွဲ့အစည်းများအား (Open Tender) တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁.၆.၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၊ မကွေးမြို့တွင်လာရောက် ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၇.၆.၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ - ၁၅.၆.၂၀၁၅ရက်၊ ၁၀း၀၀ နာရီ
မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီရုံး
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီရုံး ဖုန်း-၀၆၃-၂၅၀၄၈၊ ၀၆၃-၂၅၁၀၄ တို့သို့ စုံစမ်းနိုင်ပါသည်။

မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းသွားရမည့်နေ့ရက်ကြေညာခြင်း

၁၀-၄-၂၀၁၅ ရက်မှ ၁၄-၄-၂၀၁၅ ရက်အထိ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာပါ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ရေဆင်း၌ အသစ်ဆောက်လုပ်မည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါပုံစံများ တင်သွင်းရမည့် နောက်ဆုံးရက်ကို မူလသတ်မှတ်ထားသည့် ၁၂-၅-၂၀၁၅ ရက်အစား ၂၆-၅-၂၀၁၅ ရက်သို့ ပြောင်းလဲသတ်မှတ်ပါကြောင်း ကြေညာအပ်ပါသည်။ မွေးရေ/ကျေးလက် facebook နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

အမည်ဖြည့်စွက်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ အမှတ်(၄)ရပ်ကွက် (၁၁)လမ်းနေ (ဘ)MARIA AROKIAM၏သား ANTHONY ၁၄/ကလန(ပြု)၀၀၀၆၁၅နှင့် မောင်ဝေဖြိုးထက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း အမည်ဖြည့်စွက်ပါသည်။ **ANTHONY(ခ)ဝေဖြိုးထက်**

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် မှ ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့
Doctor of Letters (Honoris Causa) ကို
ချီးမြှင့်ခြင်းခံရသည့်အတွက်
ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်နှင့်
မြန်မာအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) အကြံပေး
ပါမောက္ခဒေါက်တာအောင်ထွန်းသက် အား
များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြန်မာအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(MICA)၊
ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တို့မှ ဝန်ထမ်းမိသားစုများ

နိုင်ငံတကာအလေ့အထများဖြင့် စားသုံးသူများကိုကာကွယ်မည်

သတင်း-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအလေ့အထများကို လေ့လာကာ ဆတိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆူးလေရှန်ဂရီလာဟိုတယ်၌ ဧပြီပထမပတ်က ကျင်းပသည့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် UNAID တို့ ပူးပေါင်းကျင်းပသော အခမ်းအနားမှ သိရသည်။

"အာဆီယံနိုင်ငံအားလုံးဟာ အာဆီယံစားသုံးသူ ကာကွယ်ရေးကော်မတီနဲ့အတူ စားသုံးသူကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၂၀၁၅ဒီဇင်ဘာကနေစပြီး အာဆီယံစီးပွားရေး အသိုက်အဝန်းကို ထူထောင်ကြတဲ့အချိန်မှာ အာဆီယံနိုင်ငံအားလုံး စားသုံးသူကာကွယ်ရေးဥပဒေနဲ့မူဝါဒတွေကို လိုက်နာကြမှာ မလွဲမသွေဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာလည်း နိုင်ငံတကာက အကောင်းဆုံး အလေ့အထတွေကို သိရှိပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနဲ့ လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဂရုပြုကြဖို့ စတင်ဆောင်ရွက်နေပါပြီ"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးကပြောကြားသည်။

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ မတ်လ ၁၄ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးကော်မတီကို ၂၀၁၄ ဇွန်လကပင်စတင်ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကို ၂၀၁၄ အောက်တိုဘာလတွင် ဖွဲ့စည်းတည်ထောင်ပေးခဲ့ပြီးဖြစ်သည့်အပြင် ယခုနှစ် ဧပြီ ၁ရက်မှ စတင်ကာ စားသုံးသူရေးရာဌာနခွဲကို ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနလက်အောက်တွင် ဖွဲ့စည်းနိုင်ခဲ့သဖြင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ယခုအခါ အရှိန်အဟုန်မြှင့် စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရသည်။

"အခုဆွေးနွေးပွဲကနေ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနည်းတူ စားသုံးသူကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ အတွေ့အကြုံကောင်းတွေရပါတယ်။ ကျွန်တော်တို့အနေနဲ့ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တွေနဲ့ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်လို့ အများပြည်သူတွေ ပူးပေါင်းဆောင်ရွက်ကြဖို့ပဲ

လိုပါတော့တယ်။ အဲဒီအတွက်လည်း လိုအပ်တဲ့ကုန်ပစ္စည်းဆိုင်ရာ အရည်အသွေးတွေကို စစ်ဆေးဖို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနဲ့ ပူးပေါင်းသွားဖို့လည်း ရှိပါတယ်"ဟု စားသုံးသူရေးရာဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို တွင်ကျယ်စွာဆောင်ရွက်ရန်အတွက် မူဝါဒပိုင်းနှင့် ဥပဒေရေးရာ အဆင်သင့်ဖြစ်နေပြီဖြစ်သော်လည်း ပြည်သူများအတွက် လိုအပ်သည့် ဗဟုသုတနှင့် နားလည်မှုဆိုင်ရာ လိုအပ်ချက်များရှိနေသေးကြောင်း၊ စားသုံးသူများအတွက် အကာအကွယ်ပေးရေးသည် တစ်ဖက်တွင် ထုတ်ကုန်လုပ်ငန်းများ ပိုမိုစနစ်တကျဖြင့် ဖြန့်ဖြူးရောင်းချနိုင်သည့် ကောင်းမွန်သော အလေ့အထများရရှိစေနိုင်ရာ UNAID မှလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ USAID ၏ တာဝန်ရှိသူ မစ္စတာ Steve Parker က ပြောကြားသည်။

အခမ်းအနားတွင် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားအဆင့် စားသုံးသူကာကွယ်ရေးဥပဒေနှင့် ကယ်လီဖိုးနီးယား ပြည်နယ်တွင် စားသုံးသူကာကွယ်ရေး ဥပဒေများအကြောင်းကို ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပရော်ဖက်ဆာ ကက်သရင်းပေါ်တာက ဆွေးနွေးပေးခဲ့ပြီး ဝန်ကြီးဌာနတာဝန်ရှိသူများကလည်း မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း ထုတ်နုတ်တင်ပြသည်။

ထို့နောက် လုပ်ငန်းရှင်များ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာ့စားသုံးသူ အသင်းတို့မှ ကိုယ်စားလှယ်များက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

စားသုံးသူကာကွယ်ရေးအတွက် တောင့်တင်းခိုင်မာသော အခြေခံစနစ်တည်ဆောက်ရန်အတွက် အဓိကကျသည့် နည်းပညာဆိုင်ရာကဏ္ဍများကို ပညာရှင်များက ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး လူထုအသိပညာကြွယ်ဝစေရန် ဖန်တီးမှုဆိုင်ရာနည်းလမ်းများ၊ နစ်နာကြေးဆိုင်ရာများ၊ ဥပဒေအရည်အချင်းနှင့် ဆုံးဖြတ်မှုဆိုင်ရာ သဘောတရားများ၊ စားသုံးသူမှ တိုင်ကြားနည်းစနစ်များ၊ ပြည်တွင်းနှင့် နယ်ခြားတိုင်ကြားမှု ပုံစံများ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ သက်ဝင်ရန် ဖော်ဆောင်မှုများ၊ ပုဂ္ဂလိကဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းမှုနှင့် ဥပဒေချိုးဖောက်မှုအတွက် ပြစ်ဒဏ်စီရင်ဆုံးဖြတ်မှုများ၊ အွန်လိုင်းအင်တာနက် ရောင်းဝယ်ဖောက်ကားခြင်းနှင့် ကုန်စည်နှင့် ဝန်ဆောင်မှု အရည်အသွေးဆိုင်ရာ နည်းစနစ်များ တည်ဆောက်ခြင်းကို မေ ၇ရက်နှင့် ၈ရက်တို့တွင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြဋ္ဌာန်းထားသည့် ဥပဒေအရ ကုန်သည်များရောင်းဝယ်ဖောက်ကားခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် မူလကြော်ငြာထားသည့် အရည်အသွေး၊ ပေးအပ်မည့်ဝန်ဆောင်မှုများနှင့် ပါဝင်သည့် အခြေအနေများ ပျက်ကွက်ပါက ယင်းဥပဒေပုဒ်မ ၈နှင့် ညီစွန်းကြောင်း၊ ထုတ်လုပ်သည့် ရက်စွဲ၊ ဖြန့်ဖြူးမှု အမှတ်တံဆိပ်နှင့် သက်သေပြချက်များမပါဝင်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများက အဆင့်ဆင့်စစ်ဆေးကာ သတိပေးခြင်း၊ ပြင်းထန်စွာသတိပေးခြင်း၊ တားမြစ်ခြင်း၊ ဈေးကွက်အတွင်း သိမ်းဆည်းခြင်း၊ လိုင်စင်ပိတ်သိမ်းခြင်းနှင့် ဖျက်ဆီးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကာ ကြော်ငြာပြီးမှ ပျက်ကွက်ပါက သို့မဟုတ် စားသုံးသူ၏ ကိုယ်စိတ်နှလုံး ထိခိုက်စေသည်အထိ ကျူးလွန်ပါက ထောင်ဒဏ် သုံးနှစ် သို့မဟုတ် ငွေဒဏ် ငါးသိန်းအထိလည်းကောင်း၊ ပြစ်မှု နှစ်ခုစလုံးအဖြစ် လည်းကောင်း၊ တရားမလမ်းကြောင်းအရ လည်းကောင်း ထပ်မံတရားစွဲဆိုနိုင်သေးကြောင်း သိရသည်။

ညောင်ကန်-ဟင်းခွတ်ကုန်းကျေးရွာကူး မောချောင်းကူးတံတားဆောက်လုပ်လျက်ရှိ

ထီးလင်း မေ ၁၃

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ညောင်ကန်နှင့် ဟင်းခွတ်ကုန်းကျေးရွာကူး မောချောင်းဖြတ် လူကူးကြိုးတံတား အရှည်ပေ ၇၀၀ကို တာဝါတိုင်စိုက်ထူခြင်းလုပ်ငန်း အပါအဝင် တည်ဆောက်ခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၏ ခွင့်ပြုငွေကျပ် ၂၁၅ ဒသမ ၈ သန်း ကုန်ကျ တည်ဆောက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေနှင့် ဦးဝင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မေ ၁၀ရက် က သွားရောက်ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။ (၁၀၁)

မူးယစ်ဆေးစွဲ ဝေဒနာရှင်များကို ကလေးမြို့နယ် ဒိုးနွယ်ကျေးရွာတွင် ဆေးဝါးကုသပေး

ကလေး မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဒိုးနွယ်ကျေးရွာတွင် မူးယစ်ဆေးစွဲဝေဒနာရှင်များအတွက် ဆေးဝါးကုသခြင်းလုပ်ငန်းကို ရွာဦးကျောင်းဆရာတော်ကြီး၏ စည်းရုံးမှုဖြင့် ဒေသတွင်းတာဝန်ရှိသူများ ပူးပေါင်းပြီး ယာယီဆေးဖြတ်စခန်းဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက်က ကျေးရွာ၏ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

"မူးယစ်ဆေးသုံးစွဲပြီး ဆေးဝါးကုသမှုခံယူနိုင်ဖို့ စာရင်းလာပေးထားတာက ၃၅ ဦးရှိပါတယ်။ ဒီနေ့မှာ တကယ်လာပြီး ဆေးလာဖြတ်တဲ့သူက အမျိုးသား ၂၃ ဦးနဲ့ အမျိုးသမီး လေးဦးလာပြီး ဆေးဝါးကုသမှုခံယူလာပါတယ် " ဟု ရွာဦးကျောင်းဆရာတော်ကြီးက မိန့်ကြားသည်။

"ကလေးခရိုင် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့က ၂၀၁၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာ ဘိန်းဖြူ ၂၅ မှု၊ ဘိန်း ၁၆ မှု၊ စိတ်ကြွရူးသွပ်ဆေးပြား နှစ်မှု၊ ဆူဒိုအက်ဖီဒရင်း တစ်မှု၊ ခတ်ပုံတစ်မှုတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး အမျိုးသား ပြစ်မှုကျူးလွန်သူ ၇၂ ဦးနှင့် အမျိုးသမီး ပြစ်မှုကျူးလွန်သူ ၁၁ ဦးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်" ဟု ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းက ပြောသည်။

မူးယစ်ဆေးစွဲရောဂါဝေဒနာရှင်များ ဆေးဝါးကုသမှုခံယူနေစဉ်ကာလအတွင်း လိုအပ်သည်များအသုံးပြုနိုင်ရန်အတွက် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် စေတနာရှင်အလှူရှင်များက အလှူငွေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

သျှင်နေမင်း

ကြက်ခြေနီနှင့် ကင်းထောက်မောင်မယ်ဖွဲ့စည်းရေး သင်တန်းဖွင့်

မူဆယ် မေ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ အထက (၂)တွင် မေ ၁၀ ရက်က ကြက်ခြေနီရှေးဦးသူနာပြုအခြေခံသင်တန်းနှင့် ကင်းထောက်မောင်မယ်ဖွဲ့စည်းနိုင်ရေး သင်တန်းဖွင့်သည်ဟု သိရသည်။ သင်တန်းမှာ မေ ၁၁ ရက်မှ ၁၇ ရက်ထိဖြစ်ပြီး ကျောင်းသား လူငယ် ၂၆၇ ဦး တက်ရောက်ခဲ့သည်။

ကျောင်းသား လူငယ်မောင်မယ်များတွင် ပရဟိတလူမှုရေးစိတ်ဓာတ်များအခြေခံပြီး လူမှုရေးလုပ်ငန်းစဉ်များ ဗဟုသုတများရစေလိုသဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သဘာဝအန္တရာယ်ကျရောက်ချိန် ကူညီခြင်း၊ ရှေးဦးသူနာပြုအခြေခံ သဘောများ သိနားလည်စေခြင်း၊ ပဋိပက္ခဖြစ်စဉ်များအတွင်း ထိခိုက်ဒဏ်ရာရသူများ၊ အရေးပေါ် အကူအညီပေးနိုင်ရေး၊ လူမှုရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပါဝင်ကူညီနိုင်စေရေး ရည်ရွယ်သင်ကြားခြင်းဖြစ်ကြောင်း မူဆယ်မြို့ အခြေစိုက်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး နန်းမွေဟောင်က ပြောသည်။

မမ(လားရှိုး)

အထွေထွေရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်း

မိုးညို မေ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမဆောင်၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာများ ရှင်းလင်းပွဲကို မေပထမပတ်က ကျင်းပသည်။

တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းမှုများ၊ နိုင်ငံရေးပါတီများနှင့် စဉ်ဆက်မပြတ်ထိတွေ့၍ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေးများကို ရှင်းလင်းသည်။ တိုင်းဒေသကြီးဥပဒေအရာရှိ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဇော်လင်းမောင်က ရွေးကောက်ပွဲဆိုင်ရာများ၊ မဲစာရင်းများပြည့်စုံမှန်ကန်စေရေး၊ မဲပေးမည့်သူများက နိုင်ငံရေးပါတီများနှင့်ဆက်စပ်နေ၍ မဲပေးမည့်သူများ မဲစာရင်းတွင် ပါမပါကြည့်ရှု၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရန် ပြောကြားသည်။

ခင်လတ်(မိုးညို)

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်နိုင်မည့် ဝေရောစနကျောက်စိမ်းစေတီတော်

သတင်းဆောင်းပါး-ရဲရင့်ရှိန်း
ဓာတ်ပုံ-ဖိုးသော်ဇင်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူး ကျေးရွာတွင် တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဆုံး ဝေရောစန ကျောက်စိမ်းစေတီတော်ကြီးမှာ ၉၉ ရာခိုင်နှုန်း တည်ထားပြီးစီးပြီဖြစ်၍ မကြာမီ ငှက်ပျောဖူးတော်၊ စိန်ဖူးတော်နှင့် ထီးတော်တို့ကို တင်လှူတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတ တစ်ခုဖြစ်သော ကျောက်စိမ်းများဖြင့် တည်ထားခြင်းဖြစ်ပြီး စေတီတော်အပါအဝင် ရင်ပြင်တော်များ၊ တန်ဆောင်းများအားလုံးကို အုတ်တစ်ချပ်မရော ကျောက်စိမ်းများဖြင့် တည်ထားခြင်းဖြစ်သည်။

အဆိုပါ ကျောက်စိမ်းစေတီတော်ကြီးကို ၂၀၁၂ ခုနှစ်က စတင်တည်ထားခဲ့ပြီး အလှူရှင် ဦးစိုးနိုင် (အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီ)က မြေနေရာနှင့် ကျောက်စိမ်းများကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကျောက်စိမ်းဒီဇိုင်းများကို ကိုယ်တိုင်ထုဆစ်လှူဒါန်းနေသည့်အပြင် စေတီတော်ကြီး ပြီးစီးရေးအတွက် နေ့ရောညပါ တည်ဆောက်နေခြင်းဖြစ်သည်။ စေတီတော်ကြီး ပြီးစီးရန် အနည်းငယ် လိုသေးသော်လည်း ဘုရားဖူးပြည်သူများ တဖွဲဖွဲ လာရောက်လျက်ရှိပြီး ကဆုန်လပြည့်နေ့တွင်မူ ဘုရားဖူး ငါးသောင်းဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်း စေတီတော်ကြီး၏ ငှက်ပျောဖူးတော်ကို မေ ၁၅ ရက်တွင် တင်လှူမည်ဖြစ်ပြီး စိန်ဖူးတော်နှင့် ထီးတော်ကို ဇွန်လဆန်းပိုင်း၌ တင်လှူမည်ဖြစ်ကြောင်း သိရသည်။

ငှက်ပျောဖူးတော်ကြီးသည် ရှစ်ပေရှည်လျားပြီး အေအဆင့်ရှိ အရည်ကျောက်စိမ်းများဖြင့် ပူဇော်ထားခြင်းဖြစ်သည်။ စေတီတော်ကြီးကို အလှူရှင် ဦးစိုးနိုင်က ၇၀ ရာခိုင်နှုန်းကျော် ဒီဇိုင်းဆွဲကာ တည်ထားခြင်းဖြစ်ပြီး ၎င်းကိုယ်တိုင် ၂၅ နှစ်ကျော် စုဆောင်းထားသည့် နိုင်ငံတကာ ကျောက်စိမ်းဈေးကွက်ဝင် အရည်အသွေးကောင်းမွန်သည့် အေ၊ ဘီ၊ စီ၊ ဒီ အဆင့်ရှိ ကျောက်စိမ်းတန်ချိန် ၁၅၀၀ ဝန်းကျင်ဖြင့် တည်ထားခြင်းဖြစ်သည်။ ကျောက်စိမ်းအသား ကျောက် တန်ချိန် ၈၅၀ ကို ဌာပနာ ထည့်သွင်းထားပြီး စေတီတော်ကြီးတွင် အနုစိတ်လက်ရာများဖြင့် ဗုဒ္ဓဆင်းတုတော်များကို တည်ထားသည်။ ထို့ပြင် ကာလတန်ကြေးယူရို သုံးသိန်းခြောက်သောင်းကျော်တန်ကြေးရှိ ကျောက်စိမ်းကိုလည်း အဆိုပါ စေတီတော်ကြီးတွင် တင်လှူပူဇော်ထားသည်။

"ကျွန်တော့်အနေနဲ့ နှစ်ပေါင်းများစွာ စုဆောင်းထားတဲ့ ကျောက်စိမ်းတွေနဲ့ ဘာသာသာသနာတိုးတက်ပြန့်ပွားဖို့ ဒီစေတီတော်ကြီးကို တည်ဖြစ်ခဲ့တာပါ။ ဒီစေတီတော်ကြီး တည်ထားပြီးသွားရင် ကမ္ဘာပေါ်မှာ အရည်အသွေး အကောင်းဆုံး ကျောက်စိမ်းတွေကို မြန်မာနိုင်ငံက ထွက်တယ်ဆိုတာ တစ်ကမ္ဘာလုံးက သိသွားပါလိမ့်မယ်။ စေတီတော်ကြီးကလည်း ပြီးစီးဖို့ ၁ ရာခိုင်နှုန်းလောက်ပဲလိုပါတော့တယ်။ ငှက်ပျောဖူးတော်၊ စိန်ဖူးတော်နဲ့ ထီးတော်ပဲတင်လှူဖို့ ကျန်တော့ပြီး အချောသပ်နေပါပြီ၊ အခုလောလောဆယ် စေတီတော်ကြီး တည်ထားဖို့ ကျပ်သိန်းပေါင်း ခုနစ်သောင်းကျော်နဲ့ ကျောက်စိမ်းတန်ချိန် ၁၅၀၀ ကျော် သုံးစွဲထားပါတယ်။ ဒီငွေတွေနဲ့ ကျောက်စိမ်းတွေကို ကျွန်တော်ကိုယ်တိုင် လှူဒါန်းထားတာဖြစ်ပြီး လာရောက်ဖူးမြော်တဲ့ မိဘပြည်သူတွေရဲ့ အလှူငွေတွေလည်းပါဝင်ပါတယ်။ စေတီတော်ကြီးကို လာမယ့် ဇွန်လဆန်းပိုင်းမှာ ထီးတော်တင်လှူမှာပါ၊ ထီးတော်တင်လှူပွဲမှာနွားလှည်းပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲနဲ့အငြိမ့်၊ ဇာတ်ပြိုင်ပွဲများ ပါဝင်မှာဖြစ်ပြီး စတုဒိသာကျွေးမွေးတာတွေလည်း ပါဝင်မှာပါ။ စေတီတော်ကြီးကို ပိုမိုဖူးမြော်ရ လွယ်ကူစေဖို့ ရန်ကုန်-မန္တလေးအမြန် လမ်းမကနေ လမ်းဖောက်ဖို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တင်ပြထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းလျက်ရှိပါတယ်"ဟု အလှူရှင် ဦးစိုးနိုင်က ပြောကြားခဲ့သည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကြီး ထီးတော်တင်လှူပွဲနှင့် အတူပြုလုပ်မည့် နွားလှည်းပြိုင်ပွဲကို မေ ၂၅ ရက်မှ ဇွန် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ တောင်သူ လယ်သမားဦးကြီးများကို ဂုဏ်ပြုသည့်အနေဖြင့် နွားလှည်းပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပြီး ဆုကြေးငွေ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အကြီးတန်း ခြေအလုပြိုင်ပွဲ၊ အငယ်တန်း ခြေအလုပြိုင်ပွဲ၊ အကြီးတန်းဒုံးပြိုင်ပွဲနှင့် အငယ်တန်းဒုံးပြိုင်ပွဲတို့ကို ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတစ်ခုစီ၌ ပထမ ငွေကျပ် ၂၂ သိန်း၊ ဒုတိယငွေကျပ် ၁၅ သိန်း၊ တတိယငွေကျပ် ၁၀ သိန်း၊ စတုတ္ထငွေကျပ် သုံးသိန်းတို့ ချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ မြန်မာလူမျိုးတို့၏ အနုပညာလက်ရာတို့ဖြင့် တည်ထားသည့် ဝေရောစန ကျောက်စိမ်းစေတီတော်ကြီးမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ဂုဏ်ယူစရာဖြစ်လာပါကြောင်း။

သီတဂူသန္တိကာရစေတီတော်မြတ်များအား အနေကဇာတင်လှူခြင်း အခမ်းအနားကျင်းပ

တောင်ငူ မေ ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ချောင်းဖြူကျေးရွာအုပ်စု အရှေ့ချောင်းဖြူကျေးရွာ အုန်းပင်ကျောင်း ဘုရားပရိဝုဏ်အတွင်းရှိ ရန်ကင်းစေတီတော် လေးဆူကို ဌာပနာသွင်းခြင်း၊ ရွှေထီးတော်တင်လှူခြင်း၊ စိန်ဖူးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း အခမ်းအနားကို မေ ၁၀ ရက်က အုန်းပင်ကျောင်းဓမ္မာရုံမဏ္ဍပ်၌ ကျင်းပသည်။ အခမ်းအနားတွင် သီတဂူဆရာတော် အရှင်ဉာဏိဿရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကာ ဘုရားဒါယကာများက ဌာပနာ ပဋိမာရုပ်တုတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်၊ ဘုံဆင့်များနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ ပြီး သီတဂူဆရာတော်ထံမှ အနုမောဒနာ တရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို စေတီတော်လေးဆူအား လက်ယာရစ်လှည့်လည်ကာ မင်္ဂလာအချိန်တွင် ဌာပနာသွင်းခြင်းနှင့် ရွှေထီးတော်တင်လှူကြပြီး ရတနာရွှေမိုး ငွေမိုး ရွာသွန်းကြသည်။ **ကိုလွင်(ဆွာ)**

ဓာတ်တိုင်စိုက်ရန် မြေတူးစဉ် ရှေးဟောင်းဘုရားများနှင့် အခြားပစ္စည်းများတွေ့ရှိ

နတ်တလင်း မေ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အနောက်ဘက် ပျဉ်းမကုန်းကျေးရွာအုပ်စု ဆင်သေကုန်းရွာတွင် ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးအတွက် ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူထားရာ ဆင်သေကုန်းရွာ အရှေ့ဘက်ရွာထိပ် ဘုန်းကြီးကျောင်းရှေ့ ဓာတ်တိုင်တောင့်တင်းခိုင်မာစေရန် မေ ၄ ရက် ည ၁၀ နာရီ ၃၅ မိနစ်က အကူတိုင်စိုက်ထူရန်အတွက် ရာအိမ်မှူး ဦးစိုးမြင့်နှင့် ရွာသားများ ဝိုင်းဝန်းတူးကြရာ မြေကျင်းအနက် သုံးတောင်ခန့်အရောက်တွင် မတ်တတ်ရပ်ဘုရားဆင်းတုတော် သုံးဆူ၊ တင်ပလ္လင်ခွေဘုရားဆင်းတုတော် တစ်ဆူ၊ လက်စွပ်တစ်ကွင်း (မည်သည့် သတ္တု မှန်းမသိ ရွှေရောင်) ကွမ်းသီးလုံးခန့် ကျောက်ဖြူတစ်လုံး၊ အစိမ်းရောင် တစ်လုံး၊ ရွှေရောင်ချူနှစ်လုံး၊ မြေအိုးများအပါအဝင် ပစ္စည်းအသေးများတွေ့ရှိ၍ ဘုရားဆင်းတုတော်များနှင့်အတူ အခြားပစ္စည်းများအားလုံးကို ဆင်သေကုန်းကျောင်းဆရာတော် ဦးတေဇနိယနှင့် ကျေးရွာဂေါပကအဖွဲ့မှ ကျောင်းဝင်းအတွင်း မဏ္ဍပ်ထိုးကာ အများပြည်သူများ ဖူးတွေ့လေ့လာနိုင်ရန်ထားရှိ အပူဇော်ခံထားသည်။

ဆက်လက်၍ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး တူးဖော်ရာ မေ ၁၁ ရက်အထိ ထူးခြားပစ္စည်းများ ထပ်မံမတွေ့ရသေးကြောင်း၊ မြေကျင်းတူးရာမှ တွေ့ရှိရသည့် မတ်တတ်ရပ်ဆင်းတုတော် သုံးဆူမှာ ဉာဏ်တော်သုံး လက်မစီရှိပြီး အလေးချိန် ၁၀ ကျပ် သားစီနှင့် တင်ပလ္လင်ခွေကိုယ်တော်မှာ ဉာဏ်တော် သုံးလက်မ အလေးချိန် ၂၇ ကျပ်ခွဲ သားရှိကြောင်း သိရသည်။

လက်စွပ်မှာ အချင်းတစ်လက်မခန့်ရှိသည်။ ရုပ်ဝေးမှဘုရားဖူးပြီး လေ့လာလိုပါက နတ်တလင်းမြို့မှ တာပွန်ကတစ်ဆင့် ဆင်သေကုန်းရွာသို့ သွားနိုင်ကြောင်း နတ်တလင်းမြို့ အနောက်ဘက် ၁၅ မိုင်ခန့် ကွာဝေးကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)

မီးဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

နေပြည်တော် မေ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်တွင် မေ ၁၀ ရက်က မီးဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့မိမြို့ဖတို့မှ မီးဘေးသင့်ကော်မတီအဖွဲ့သို့ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသုံးအဆောင်ပစ္စည်းများ၊ ရပ်ကွက်နေပြည်သူများမှ ငွေကျပ် ၃၅သိန်းနှင့် ဆန်အိတ်များ၊ စားသောက်ကုန်ပစ္စည်းအချို့တို့ကို လှူဒါန်းခဲ့ကြောင်းသိရသည်။

ဇော်မျိုးနိုင်

ဆရာအတတ်သင် မွမ်းမံသင်တန်းဖွင့်

စလင်း မေ ၁၃

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် နေ့စားလပေး မူလတန်းပြ ဆရာဆရာမများအား ဆရာအတတ်ပညာသင်ကြားပေးနိုင်ရန် မြို့နယ်အခြေပြု မူလတန်းပြ ဆရာအတတ်ပညာအထူးမွမ်းမံသင်တန်းအမှတ်(၂/၂၀၁၅) သင်တန်းဖွင့်ပွဲကို မေ ၈ ရက်ကစလင်း အထက ရာပြည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မင်းဘူးခရိုင် ပညာရေးမှူး ဒေါ်ခိုင်မာလာနှင့် စလင်းမြို့နယ်ပညာရေးမှူး ဒေါ်တိုးတိုးတို့က အမှာစကားပြောကြားခဲ့ပြီး သင်တန်းနည်းပြ ဇီးဖြူပင်ကျောင်းအုပ်ကြီးနှင့် သင်တန်းသူ သင်တန်းသားများတက်ရောက်ကြကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ဒေါ်လာဈေးတည်ငြိမ်မှုရရှိရန် ဗဟိုဘဏ်ကြိုးပမ်း

ရန်ကုန် မေ ၁၃

ဒေါ်လာဈေးနှုန်းကို ထိန်းချုပ်နိုင်ရန်အတွက် ဗဟိုဘဏ်ရည်ညွှန်းဈေးအပေါ် လိုက်နာပူးပေါင်းနိုင်ရေး မေ ၁၂ ရက်က စတင်စောင့်ကြည့်နေကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သိရသည်။

"ဈေးနှုန်းတွေကို တည်ငြိမ်စေဖို့ မူလကတည်းက ကျွန်တော်တို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က စည်းမျဉ်း၊ စည်းကမ်းတွေ ထုတ်ပေးထားပြီးဖြစ်ပါတယ်။ သို့သော် အခုနောက်ပိုင်းမှာ လိုက်နာမှုအားနည်းလာတာကို တွေ့ရပါတယ်။ ဒါကြောင့် ပြည်တွင်းဘဏ်များ အားလုံးနဲ့ နိုင်ငံခြား ငွေလဲကောင်တာတွေကို ညွှန်ကြားတာဖြစ်ပါတယ်။ အရောင်းအဝယ်ဆောင်ရွက်သူ အားလုံးဟာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းဈေးကို ရှစ်ရာခိုင်နှုန်း အတိုးအလျှော့ ဝယ်ရောင်းလုပ်ငန်းတွေ ဆောင်ရွက်နိုင်ပါတယ်။ ဒါကလည်း ယခင်ကတည်းက အားလုံးသိရှိထားပြီးသားဖြစ်ပေမယ့် မေ ၁၂ ရက်က စပြီး ကျင့်သုံးဖို့ အကြောင်းကြားထားပါတယ်။ မလိုက်နာနိုင်တဲ့ ဘဏ်တွေ သို့မဟုတ် နိုင်ငံခြားငွေရောင်းချမှုကောင်တာတွေ အားလုံးကို အရေးယူသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်က ပြောကြားသည်။

၂၀၁၂ခုနှစ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၄၁ အရ လိုက်နာဆောင်ရွက်မှုမရှိပါက အရေးယူဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး ယခုအခါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မလိုက်နာနိုင်သူများကို စိစစ်တွေ့ရှိပါက ပထမဆုံးအကြိမ်အဖြစ် ခေါ်ယူသတိပေးခြင်းဆောင်ရွက်မည်ဖြစ် ပြီး ဒုတိယအကြိမ် ကျူးလွန်ပါက ငွေဒဏ်ချမှတ်ခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ပိတ်သိမ်းခြင်းများအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ငွေလဲလှယ်ဈေးနှုန်းမှာ ဗဟိုဘဏ်မှ ရည်ညွှန်းဈေးနှုန်းအရ အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၁၀၈၈ဖြစ်ပြီး ဈေးကွက်အတွင်း ရောင်းချသည့် ဈေးနှုန်းမှာ တစ်ဒေါ်လာလျှင် ငွေကျပ် ၁၁၀၀ နှင့်အထက်တွင်ရှိကြောင်း သိရသည်။

သတင်း - ခင်ရတနာ
ဓာတ်ပုံ - မေဦးမိုး

ကမ္ဘာ့ရွှေဈေး အတက်အကျကြမ်းသဖြင့် ပြည်တွင်းရွှေဈေးလျှပ်ခတ်

ရန်ကုန် မေ ၁၃

ရန်ကုန်ရွှေဈေးကွက်တွင် ရွှေဈေးနှုန်းများ မြင့်တက်လာပြီး တစ်ပတ်အတွင်း အမြင့်ပိုင်းတွင် ဆက်လက်ရပ်တန့်နေနိုင်ကြောင်း ရွှေလုပ်ငန်း လုပ်ကိုင်သူများထံက သိရှိရသည်။

"ရွှေဈေးနဲ့ ဒေါ်လာဈေး အပြိုင်မြင့်တက်နေတာကို တွေ့ရပါတယ်။ မိုးမကျခင် ရွှေဈေးမြင့်တက်လာတာမို့ ဆက်လက်တက်နိုင်တယ်လို့ ခန့်မှန်းသူတွေလည်းရှိပါတယ်။ ဒေါ်လာဈေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ စည်းကမ်းတကျထိန်းညှိဖို့ ညွှန်ကြားထားတဲ့အတွက် ဒေါ်လာဈေးရော၊ ရွှေဈေးပါဈေးနှုန်း အမြင့်တန်းမှာ ငြိမ်သက်နေဖို့ရှိတယ်"ဟု ရွှေလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ဈေးနှုန်းများ မြင့်တက်လာသော်လည်း ရွှေအရောင်းအဝယ်မှာ ပုံမှန်အခြေအနေသာရှိကြောင်း၊ အများစုသော ရွှေလုပ်ငန်းလုပ်ကိုင်သူများသည် ရွှေဈေးနှုန်း လျှပ်ခတ်သည်ထက် ပုံမှန်တည်ငြိမ်စွာ အရောင်းအဝယ်ကောင်းရန်သာ မျှော်လင့်ကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေးက ပြီးခဲ့တဲ့တစ်ပတ်မှာ တော်တော်လေးလျှပ်ခတ်တာကို တွေ့ရတယ်။ အမြင့်ဈေးနှုန်း တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၁၉၆ ဒေါ်လာအထိ မြင့်တက်သွားပြီး ရက်ပိုင်းနဲ့တင် အမေရိကန်ဒေါ်လာ ၁၁၈၃

ဒေါ်လာအထိ ပြန်လည်ကျဆင်းလာတာကိုတွေ့ရပါတယ်။ ဒါကြောင့် ပြည်တွင်းရွှေဈေးလည်း လှုပ်ခတ်ရခြင်းဖြစ်တယ်။ ဈေးနှုန်းအနေနဲ့ အမြင့်မှာ ရပ်နေနိုင်တယ်။ သို့သော် မေ ၁၂ ရက်မှာတော့ ဈေးက မနေ့ကထက် အနည်းငယ်ကျဆင်းလာတယ်"ဟု အောင်သမာဓိ ရွှေသန့်စင်လုပ်ငန်းနှင့် စိန်ရွှေရတနာ အရောင်းဆိုင်မှ တာဝန်ခံကိုဝင်းငယ်က ပြောကြားသည်။

ဈေးကွက်အနေအထားတွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၈၃ ဒေါ်လာခန့်ရှိပြီး၊ မြန်မာ့ရွှေဈေးမှာ အခေါက်တစ်ကျပ်သားလျှင် ငွေကျပ် ၇၀၁၀၀၀ နှင့် ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၆၅၉၈၀၀ ဝန်းကျင်ရှိကြောင်း ရွှေဈေးကွက်မှ သိရသည်။ **သွန်းဝသန်**

ကွန်ပျူတာသိပ္ပံကျောင်းသား ကျောင်းသူများ အက်ပလီကေးရှင်း ရေးဆွဲယှဉ်ပြိုင်လျက်ရှိ

ရန်ကုန် မေ ၁၃

ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့မှ ကွန်ပျူတာသိပ္ပံ ကျောင်းသား ကျောင်းသူ ၅၀ တို့ စုစည်းယှဉ်ပြိုင်ကြမည့် အက်ပလီကေးရှင်း ပြိုင်ပွဲအတွက် လူငယ်များကို ရွေးချယ်ကာ သင်ကြားရေးအစီအစဉ်များကို တက္ကသိုလ်များတွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့မိုဘိုင်း ထုတ်ကုန်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထူးချွန်ထက်မြက်သည့် မိုဘိုင်းအက်ပလီကေးရှင်း ပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် ယခုကဲ့သို့ Samsung Tech Institute Android Mobile Application Development Training Program 2015 ကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ မန်နေးဂျင်းဒါရိုက်တာ မစ္စတာ နမ်ဆစ်အန်န်က ပြောကြားသည်။

ပြိုင်ပွဲအတွက် လေ့ကျင့်မှုများကို မေ ၄ ရက်တွင် စတင်ခဲ့ပြီး မေ ၃၁ ရက်တွင် ပြီးဆုံးမည်ဖြစ်ကာ မေ ၂၇ ရက်၌ ဆုများကို ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောင်းသား ကျောင်းသူ ၅၀ ကို တစ်ဖွဲ့နှစ်ဦးနှုန်းနဲ့ အဖွဲ့ငယ်တွေခွဲပြီး အက်ပလီကေးရှင်းတွေ ယှဉ်ပြိုင်နိုင်အောင် လေ့ကျင့်ပေးသွားမှာဖြစ်ပါတယ်။ အမှတ်ပေးစနစ်မှာ အမှတ်အများဆုံးရရှိသူကို အမေရိကန်ဒေါ်လာ ၂၀၀၀တန်ဖိုးရှိ ငွေသားနှင့် ဆမ်ဆောင်းနည်းပညာ ထုတ်ကုန်များ၊ ဒုတိယဆုရရှိသည့် အဖွဲ့ကို အမေရိကန်ဒေါ်လာ ၁၅၀၀ တန်ဖိုးရှိ ငွေသားနှင့် နည်းပညာထုတ်ကုန်များ၊ တတိယဆုရရှိသည့်အဖွဲ့ကို အမေရိကန် ဒေါ်လာ ၁၀၀၀ နှင့် နည်းပညာ ထုတ်ကုန်များပေးအပ်သွားမယ်" ဟု မစ္စတာ နမ်ဆစ်အန်န်က ရှင်းပြသည်။

အကဲဖြတ်ဒိုင်များအဖြစ် ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အိုင်တီပညာရှင်များ ရွေးချယ်ပေးသွားမည်ဖြစ်ကာ မကြာမီ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့တွင်လည်း ဆက်လက်ကျင်းပပေးသွားမည် ဖြစ်ကြောင်း ဆမ်ဆောင်းမှ သိရသည်။

"ကျွန်မတို့တွေအနေနဲ့ အက်ပလီကေးရှင်းရေးဆွဲရုံသာမက အဖွဲ့လိုက်လုပ်ဆောင်မှုတွေရရှိပြီး ကျွမ်းကျင်ရာ နယ်ပယ်တွေမှာ အသုံးဝင်မယ့် အက်ပလီကေးရှင်းတွေကို ကိုယ်တိုင်ဖန်တီးနိုင်မယ်လို့ ယုံကြည်တယ်"ဟု ကျောင်းသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဆမ်ဆောင်း နည်းပညာထူးချွန်ဆုအစီအစဉ်ကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများကို ရွေးချယ်ကာ Mobile Application Development Training ကို ပေးအပ်ခြင်းဖြစ်သည်။

သတင်း - ဆောင်းနွေမိုး
ဓာတ်ပုံ - ဉာဏ်မိုးမြင့်

Noble Heart ရှင်ရေးကူညီမှုအသင်းနှင့် ရေအလှူရှင်များ စုပေါင်းကာ မေ ၁၂ ရက်က သောက်သုံးရေရှားပါးသည့် ဒလမြို့နယ် သပြေကုန်းကျေးရွာမှ ဘိုးဘွားရိပ်သာနှင့် ဒေသခံတို့ကို ရေသန့် ၂၀ လီတာဝင် ဘူးကြီး ၉၅၀ ခန့်အား သွားရောက်လှူဒါန်းခဲ့ကြစဉ်။ ဓာတ်ပုံ-မေဦးမိုး

သန်လျင်မြို့နယ်၌ အိုင်စီတီဇုန်တည်ဆောက်ရန် မြေနေရာသတ်မှတ်ညှိနှိုင်း

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းချုပ်မှ ဦးစီးတည်ထောင်ရန်ရှိသော အိုင်စီတီဇုန်တည်ဆောက်သွားရန်အတွက် သန်လျင်မြို့နယ်တွင် မြေနေရာရွေးချယ်ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

"အိုင်စီတီလုပ်ငန်းတွေကို တစ်နေရာတည်းမှာ စုစည်းလုပ်ကိုင်ခွင့်ရရှိအောင် အိုင်စီတီဇုန်တည်ထောင်သွားဖို့ လျာထားတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်ရှည်စီမံကိန်းဖြစ်တာကြောင့် သေသေချာချာ ရွေးချယ်စိစစ်ပြီး စနစ်တကျ တည်ဆောက်သွားမယ်"ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းချုပ်မှ ဦးသန်းထွန်းအောင်က ပြောကြားသည်။

ယခုအခါ သန်လျင်မြို့နယ်တွင် မြေရှင်များနှင့် ညှိနှိုင်းဆောင်ရွက်နေပြီး စုစုပေါင်းမြေဧက ၃၀၀ ပေါ်တွင် တည်ဆောက်သွားနိုင်ရန် လျာထားကြောင်း သိရသည်။

"စီမံကိန်းကာလကို ငါးနှစ်ခန့်မှန်းထားပါတယ်။ အိုင်စီတီဇုန်ဖြစ်တာနဲ့အညီ နည်းပညာမြင့် အဆောက်အအုံတွေ၊ ဆက်သွယ်ရေးကွန်ရက်နဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု စတာတွေကို ဖြည့်ဆည်းသွားမှာဖြစ်ပါတယ်။ မြန်မာအင်ဖိုတက်ခ်ကို တက္ကသိုလ်များ လှိုင်နယ်မြေမှာ တည်ဆောက်ခဲ့ပြီး အခုအချိန်မှာ နေရာတွေနဲ့ အဆောက်အအုံတွေ ပြည့်လာခဲ့လို့ တိုးချဲ့နေရာတွေ လိုအပ်နေပါတယ်။ အားလုံးပြီးစီးသွားပြီဆိုရင် အိုင်စီတီနဲ့ပတ်သက်တဲ့ နည်းပညာလုပ်ငန်းတွေကို တစ်နေရာတည်းမှာ မြင်တွေ့နိုင်ပြီ"ဟု ဦးသန်းထွန်းအောင်က ပြောသည်။

သင်တန်းများနှင့် လက်တွေ့လေ့ကျင့်ရာဌာနများ၊ နည်းပညာကုမ္ပဏီများနှင့် နည်းပညာထုတ်လုပ်မှုများ၊ သုတေသနဌာနများအပါအဝင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများအားလုံးအတွက် လုပ်သားခြောက်သောင်းကျော်ခန့် ကျယ်ဝန်းစွာ အလုပ်လုပ်ကိုင်နိုင်ရန် ရည်ရွယ်တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းစတင်မှုများကို ၂၀၁၅ခုနှစ် နှစ်ကုန်ပိုင်းတွင် လုပ်ဆောင်နိုင်ရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းချုပ်မှ သိရှိရသည်။

မောင်သဲဦး

ကော့မှူးမြို့နယ် ကညင်ငူချောင်းကူးတံတားတည်ဆောက်ပြီးစီး

တွံတေး မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်အတွင်းရှိ ကညင်ငူကျေးရွာအုပ်စု၊ ကညင်ငူကျေးရွာ ချောင်းကူးတံတားကို ခိုင်ခံ့လှပစွာ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားမှာ အရှည်ပေ ၄၀၊ အကျယ် ၉ ပေနှင့် ရေလမ်းကင်းလွတ် အမြင့် ၁၁ ပေရှိပြီး ခိုင်ခံ့လှပသော သံကူကွန်ကရစ်ဘိုးပိုင်တံတားအမျိုးအစားဖြစ်ပြီး ကျပ်သိန်း ၇၀၀ အကုန်ကျခံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တွံတေး၊ ရေကျော်၊ ကားလမ်းမရှိထော်လီကွေ့မှ ကညင်ငူချောင်တံတားအထိ အရှည်ပေ ၁၁၀၀၀ ရှိ မြေသားလမ်းကိုလည်း ကျပ်သိန်း ၃၀၀ အကုန်ကျခံကာ ဖောက်လုပ်ထားပြီးဖြစ်ကာ ကုန်ကျမှုစုစုပေါင်းကျပ်သိန်းတစ်ထောင်ဖြစ်ကြောင်း သိရသည်။

ကညင်ငူကျေးရွာ၌ အိမ်ခြေ ၃၆၀ ခန့်ရှိပြီး လူဦးရေ ၁၇၀၀ ကျော် နေထိုင်ကြကာအဓိက မိရိုးဖလာလုပ်ငန်းဖြစ်သည့် ဝါးခမောက်အမျိုးမျိုးကို အဓိက လုပ်ကိုင်ကြသည်။

ယင်းတံတားနှင့် မြေသားလမ်းကြောင့် ကညင်ငူကျေးရွာနှင့် ဆက်စပ်ကျေးရွာများဖြစ်သည့် ရှာဘွား၊ အင်ယားချောင်၊ တလုထွော်၊ ပျဉ်းကတိုး၊ ခလောင်၊ တံမံစသည့် ကျေးရွာများမှ ပြည်သူတစ်သောင်းကျော် ယခင်ကရေလမ်းကိုသာ အားကိုးအားထားပြုနေရာမှ ယခုအခါ တံတားနှင့် မြေသားလမ်းကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်လာသဖြင့် ပြည်သူအများ ဝမ်းသာပီတိဖြစ်နေရကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

တားဆီးရှောင်လွှဲ၍ မရနိုင်သော သဘာဝဘေး လျှော့ချနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရန်လိုအပ်

သတင်းဆောင်းပါး မြတ်မွန်ထွေး(မြန်မာ့အလင်း)

မော်လမြိုင် မေ ၁၃

မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်က ကြုံတွေ့ခဲ့ရသော နာဂစ်ဆိုင်ကလုံးမုန်တိုင်း၊ ၂၀၁၀ ခုနှစ်ကကြုံတွေ့ခဲ့ရသော ဂီရိမုန်တိုင်းတို့မှတစ်ဆင့် သဘာဝအန္တရာယ်များကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရေးလုပ်ငန်းစဉ်များ လိုအပ်လျက်ရှိသည်ကို သင်ခန်းစာကောင်းစွာရခဲ့ကြရသည်။

ထို့ကြောင့်နာဂစ်မှအစပြုကာ မြန်မာနိုင်ငံအတွင်း သဘာဝဘေးကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရေးလုပ်ငန်းများကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်လာခဲ့ကြပြီး နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ အန်ဂျီအိုများ ပူးပေါင်းကာ သဘာဝဘေးကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ဆောင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်သည်ပင်လယ်ကမ်းရိုးတန်းအရှည် ၁၉၂ မိုင်ရှိပြီး ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ကာ ဆိုင်ကလုန်းမုန်တိုင်းများ၊ မုန်တိုင်းဒီရေလှိုင်းများ၊ ရေလွှမ်းမိုးခြင်းများ၊ ဆူနာမီစသော သဘာဝဘေးများကျရောက်နိုင်ဖွယ်ရှိသည့် ပြည်နယ်တစ်ခုဖြစ်သည်။ မီးဘေး၊ ရေဘေး၊ လေမုန်တိုင်းဘေး၊ မြေပြိုဘေး၊ ငလျင်ဘေး၊ မိုးကြိုးဘေး၊ မိုးသီးကြွေဘေးအန္တရာယ် စသည်ဖြင့်အခြားသော ဘေးအန္တရာယ်များလည်း ဖြစ်ပွားနိုင်သေးသည်။

ဤသို့ဖြင့် မွန်ပြည်နယ်အတွင်း ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မွန်ပြည်နယ်ရှိ SDCမှဦးဆောင်သော DRR Working Group အဖွဲ့တို့ ပူးပေါင်းကာ မေ ၁၂ ရက်ကမော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ ကျင်းပသည်။

“ မွန်ပြည်နယ်တွင်း ၂၀၀၄ ကနေ ၂၀၁၄ ခုနှစ်အထိ ဆယ်နှစ်တာအတွင်းမှာ အမျိုးမျိုးသော သဘာဝဘေးကျရောက်မှု အကြိမ်အရေအတွက် စုစုပေါင်း ၁၂၉ ကြိမ်ရှိခဲ့ပါတယ်။ ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၇၆၀ ကျော်ခဲ့တယ် ” ဟု မွန်ပြည်နယ်အတွင်း သဘာဝဘေးကြောင့် ဆုံးရှုံးရမှုများနှင့်ပတ်သက်၍ မွန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ရုံးမှ ညွှန်ကြားရေးမှူး ဦးသောင်းရွှေက ရှင်းပြသည်။

၂၀၀၈ ခုနှစ်ကတိုက်ခိုက်ခဲ့သော နာဂစ်မုန်တိုင်းသည် တစ်နာရီ ၆၅ မိုင်နှုန်းဖြင့် ကျိုက်ထို၊ ဘီးလင်းနှင့် သထုံမြို့နယ်တို့ကို ဖြတ်သန်းတိုက်ခိုက်ခဲ့ပြီး ယင်းမုန်တိုင်းဒဏ်ကြောင့်လူ ငါးဦး သေဆုံး၊ သုံးဦးဒဏ်ရာရကာ အခိုင်အမာအဆောက်အအုံ ၁၂၈ ခုနှင့်တဲ ၁၁၂ လုံး ပျက်စီးခဲ့ရသည်ဟု သိရသည်။

“သဘာဝဘေးဆိုတာ တားဆီးလို့မရသလိုရှောင်လွှဲလို့ မရပါဘူး။ သဘာဝဘေးအန္တရာယ်ဟာ တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ကိစ္စဖြစ်ပြီး နိုင်ငံသားတိုင်း အမျိုးသားရေးတာဝန်အဖြစ် နားလည်သဘောပေါက်ကြရမှာဖြစ်ပါတယ်။ သဘာဝဘေးလျော့ပါးရေးဆောင်ရွက်ရာမှာလူတိုင်းပါ ဝင်ဆောင်ရွက်ဖို့ လိုပါတယ် ” ဟု မွန်ပြည်နယ်၏သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတိုးတိုးအောင်က တိုက်တွန်းသည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်၏ ရိုက်ခတ်မှုကိုခံနိုင်ရည်ရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်များကျရောက်လာပါက အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်စေရန်အတွက် ယိုဂိုမူဘောင်လုပ်ငန်းစဉ်များ Hyogo Framework For Action-HFAနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာအာဆီယံသဘောတူညီချက်ASEAN Agreement on Disaster Management and EmergencyResponse-AADMER အရဆောင်ရွက်ရန်များကိုအကောင်အထည်ဖော်ရန်နှင့် ကာလတို/ရှည်လုပ်ငန်းစီမံကိန်းများကိုစုစည်းဖော်ပြနိုင်ရန် “မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ်မတ်လ ၉ ရက်က အပြီးသတ်ရေးဆွဲနိုင်ခဲ့သည့်အပြင် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကိုလည်း ၂၀၁၃ ခုနှစ် ဇူလိုင်လက ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်သည်။

“ကျွန်တော်မြန်မာနိုင်ငံရောက်တာမကြာသေးပါဘူး။ ၂၀၀၈ ခုနှစ်တုန်းက နာဂစ်မှာတော်တော်ပျက်စီးဆုံးရှုံးသွားတာကို သိခဲ့ရပါတယ်။ Disasterနဲ့ပတ်သက်ပြီး အလုပ်လုပ်ဖို့ စိတ်ဝင်စားပါတယ်။ မြန်မာနိုင်ငံကလည်း သဘာဝဘေးဖြစ်ဖို့အခြေအနေတွေရှိတာတွေ့ရပါတယ်။ သဘာဝဘေးဆိုတာ ရှောင်လွှဲလို့မရပါဘူး။ ဖြစ်လာရင်ဘယ်လိုလျှော့ချရမယ်ဆိုတာကိုကြိုတင်ပြင်ဆင်ထားရပါမယ်။ အဆိုးဆုံးကိုမှန်းပြီး ကြိုတင်ပြင်ဆင်ရပါမယ်။ ဖြစ်လာရင်ဘယ်သူတွေကိုအကြောင်းကြားမယ်၊ ချက်ချင်းဘယ်လိုတုံ့ပြန်ရမယ်ဆိုတာတွေသိဖို့ကျွန်တော်တို့အဖွဲ့အစည်းက အစိုးရနဲ့ဆက်သွယ်ပြီး သင်တန်းတွေပေးတယ်။ ကျေးရွာတွေအထိသွားပြီး လက်တွေ့ဘယ်လို လုပ်မလဲဆိုတာ သရုပ်ပြလုပ်ပါတယ်။ ကြိုတင်ပြင်ဆင်တဲ့နေရာအတွက် ကျွန်တော်တို့ငွေကြေးတွေ အများကြီးသုံးနေပါတယ်။ သဘာဝဘေးအန္တရာယ်ဖြစ်လာလို့ဆုံးရှုံးမှုတွေများလာမယ့်ဆိုးကျိုးနဲ့ ကုန်ကျစရိတ်အတွက် မများအောင်သုံးနေတာဖြစ်ပါတယ်။”ဟု ဆွေးနွေးပွဲတွင် တက်ရောက်လာသော ACTED အဖွဲ့အစည်းမှ ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ စီမံကိန်းညှိနှိုင်းရေးမှူး Mr Benoit Gerfaultu ပြောကြားသည်။

မြန်မာနိုင်ငံသည်လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင်ချုပ်ဆိုခဲ့သော သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်တွင် ၂၀၀၉ ခုနှစ်ကလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

သာယာဝတီမြို့နယ်ရှိ နွေစပါး ဂျီအေပီစနစ် စံပြကွက် ဧက ၁၀၀ ရိတ်သိမ်းပွဲ ကျင်းပ

သာယာဝတီ မေ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါး GAP ဧက ၁၀၀ စံပြကွက်၌ စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၈ နာရီတွင် ချောင်းသုံးခွကျေးရွာအုပ်စု တောင်သူ ဦးမြင့်ရွှေ၏ ပုလဲသွယ် ၁၀ ဧကစိုက်ခင်း၌ ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်၊ တိုင်းဒေသကြီး ဒုတိုင်းဦးစီးမှူး ဦးမြင့်လွင်၊ သာယာဝတီခရိုင် စိုက်ပျိုးရေးဦးစီးမှူး၊ သာယာဝတီမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စု (၅)အုပ်စုတို့မှ တောင်သူ ၁၅၀ ခန့် တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အမှာစကားပြောကြားပြီး ပဲခူးတိုင်းစိုက်ပျိုးရေးဦးစီးမှူးမှ မြေကွက်၏ အားနည်းချက် အားသာချက်များကို ရှင်းပြပြီး ယခုထက်ပိုမိုထွက်ရှိအောင် မည်သို့ဆောင်ရွက်သင့်ကြောင်း စုပေါင်း အဖြေရှာဆွေးနွေးခဲ့ကြသည်။

ထို့နောက် စက်ဖြင့်ရိတ်သိမ်းချွေလှေ့ခြင်းကို တက်ရောက်လာကြသူများမှ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြပြီး တစ်ဧကလျှင် ၂၀၀ ဒသမ ၂၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

ဇီးကုန်းမြို့တွင် ကျန်းမာရေးအခမဲ့စောင့်ရှောက်မှုလုပ်ငန်းမှ လူနာပေါင်း ၅၅၅၀ ကျော်အား အခမဲ့ဆေးဝါးကုသမှုပေးနိုင်ခဲ့

ဇီးကုန်း မေ ၁၃

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့၌ မေ ၇ ရက်မှ ၁၀ ရက်အထိ ကျန်းမာရေးအခမဲ့ စောင့်ရှောက်မှုလုပ်ငန်းမှတစ်ဆင့် တစ်မြို့နယ်လုံးရှိ လူနာပေါင်း ၅၅၅၀ ကျော်တို့အား အထွေထွေကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ရန်ကုန်၊ ပဲခူးနှင့် ပြည်မြို့များမှ အထူးကုဆရာဝန်ကြီးများ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်း ၃၀ ပါဝင်သည့် ကျန်းမာရေးအခမဲ့စောင့်ရှောက်မှုအဖွဲ့ သည် ဇီးကုန်းမြို့နယ်ခန်းမဆောင်ကြီးတွင် လူနာပေါင်း ၅၅၅၁ ဦးတို့အား အခမဲ့ကုသပေးခဲ့ခြင်းဖြစ်သည်။

လာရောက်ပြသသော လူနာများအား မျက်စိရောဂါ၊ သားဖွားမီးယပ်၊ အရိုးအကြော၊ သွားနှင့်ခံတွင်း၊ နား၊ နှာခေါင်းကဏ္ဍာများ စမ်းသပ်ကုသပေးခြင်း ဆေးဝါးထောက်ပံ့ခြင်း လိုအပ်သူများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာနှင့်အဖော်တစ်ဦးစီတို့ကိုလည်း နေ့လည်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အဓိကကူညီပံ့ပိုးဆောင်ရွက်ခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနဝန်ထမ်းများ၊ မြို့နယ်ပညာရေးဌာနဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့မှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

ခမောက်ကြီးမြို့နယ်၌ ဆေးဆိုင်များသို့ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု ရှောင်တခင်စစ်ဆေး

ခမောက်ကြီး မေ ၁၃

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့တွင် လူငယ်လူရွယ်များ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းဝေးရေး ရည်ရွယ်ကာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်အဖြစ် မြို့နယ်အတွင်းလက်လီလက်ကား ဆေးအရောင်းဆိုင်များသို့ မေ ၈ ရက် ညနေပိုင်းက မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ခမောက်ကြီးမြို့ ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းအဖွဲ့နှင့်တာဝန်ရှိသူများက အိမ်သုံးဆေးဝါးများနှင့်အတူ မူးယစ်ဆေးဝါးများ၊ တားမြစ်ဆေးဝါးများ ရောင်းချမှုရှိမရှိအခြေအနေနှင့် ရပ်ကွက်အတွင်းရှိ လူငယ်များအား မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းရှင်းခြင်းရှိမရှိအား ရှောင်တခင်ဝင်ရောက်စစ်ဆေးမှုလုပ်ငန်းများကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သီတဂူအဆင့်မြင့်ကျောင်းမှ အခမဲ့ကွန်ပျူတာသင်ကြားပေး

လဟယ် မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် သီတဂူသာသနာပြုအဖွဲ့မှ ကြီးမှူးဖွင့်လှစ်ပေးသည့် နွေရာသီအခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် ၂ သင်တန်းဆင်းပွဲကို မေ ၁၀ ရက် နံနက် ၈ နာရီက လဟယ်မြို့နယ် သီတဂူအဆင့်မြင့်ကျောင်းဆောင်တွင် ကျင်းပသည်။

အခမ်းအနားသို့ သင်တန်းနည်းပြ သီတဂူသာသနာပြုဆရာတော်နှစ်ပါး၊ နာဂဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးတင့်နိုင်ဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအီနွယ်လှိုင်ပူနှင့် တာဝန်ရှိသူများ သင်တန်းသား သင်တန်းသူများက အခမ်းအနားအဖွင့်တွင် ဆရာတော်သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက မိမိတို့ဒေသသို့ ယခုကဲ့သို့ လာရောက်ကာ အဆင့်မြင့်မားရေးအတွက် အဘက်ဘက်မှ အားပေးကူညီခြင်းကို ကျေးဇူးတင်ရှိကြောင်း ဆရာတော်များထံ ပြန်လည်လျှောက်ထားခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ သင်တန်းသို့ ၁၅၀ဦး တက်ရောက်သင်ယူခဲ့ကြခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မန်ယူနဲ့ အာဆင်နယ်တို့ ရာသီကုန်ချိန်တွေ့ဆုံပွဲ

➤ မိုးမြင့်လင်းလက် ➤

ပရီမီယာလိဂ်ပွဲစဉ်တွေ တဖြည်းဖြည်းနဲ့ ပြီးဆုံးတော့မှာဖြစ်ပါတယ်။ ပွဲစဉ်(၃၇) လက်ကျန်ပွဲစဉ်အဖြစ် မေ ၁၇ ရက်မှာ ဆွမ်ဆီးနဲ့ မန်စီးတီး၊ မန်ယူနဲ့ အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်လို့ ရာသီအကုန်မှာ ရင်ခုန်စရာမရှိတဲ့ ပွဲတွေဖြစ်ပေမယ့် ဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့ ထိပ်တန်းအသင်းတွေဖြစ်တာမို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။

မန်ယူနှင့် အာဆင်နယ်

ဒီနှစ်ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်တွေထဲမှာ အကောင်းဆုံးပွဲစဉ်ဖြစ်ပါတယ်။ ပထမအကျော့ပွဲစဉ်ဖြစ်တဲ့ မန်ယူရဲ့ အိုးထရက်ဖို့ဒ်ကွင်းမှာ အိမ်ရှင်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ အခုပွဲဟာ ပြန်လည်ချေပဖို့ အကောင်းဆုံးအခွင့်အရေး ဖြစ်နေပါတယ်။ မန်ယူရဲ့ လက်ရှိအနေအထားက နည်းပြဗန်ဟားလ် မျှော်မှန်းချက်ဖြစ်တဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ပြီဖြစ်ပေမယ့် ပြတ်သားတဲ့ အမှတ်ကွာခြားမှုနဲ့ တန်းစီဇယား ပဉ္စမနေရာက လီဗာပူးကို ချန်ထားဖို့ အားထုတ်ရဦးမှာ ဖြစ်ပါတယ်။ ချယ်လ်ဆီး၊ အဲဗာတန်၊ ဝက်စ်ဘရွန်းတို့ကို ဆက်တိုက်ရှုံးပွဲကြုံခဲ့ပြီး ခရစ္စတယ်ပဲလေ့စ်ကို နိုင်ပွဲပြန်ရလာတဲ့ မန်ယူရဲ့ခြေစွမ်းကလည်း ရာသီကုန်အထိ ယုံစားရခက်နေဆဲဖြစ်ပါတယ်။ အထူးသဖြင့် မန်ယူရဲ့တိုက်စစ်ဟာ ထက်မြက်မှုမရှိသေးတာကြောင့် ပြိုင်ဘက်ခံစစ်ကြောင်းကို ထိုးဖောက်ကျော်လွှားပြီး ဂိုးသွင်းဖို့ဆိုတာ ရွန်နေ၊ ဖယ်ကာအိုတို့ရဲ့ လက်ရှိလုပ်အားနှုန်းနဲ့ လုံလောက်မှုမရှိသေးတာအမှန်ပါပဲ။ အာဆင်နယ်တို့ကတော့ တန်းစီဇယား တတိယနေရာမှာ ခိုင်ခိုင်မြဲမြဲရပ်တည်ပြီး ဒီနှစ် ဘောလုံးရာသီကို ကုန်ဆုံးဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။ အာဆင်နယ်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင် ချယ်လ်ဆီးကို ဂိုးမရှိသရေ ပွဲဖြစ်ခဲ့တာကလွဲရင် လီဗာပူး၊ ဘန်လေ၊ ရက်ဒင်းနဲ့ ဟားလ်စီးတီး တို့ကို နိုင်ပွဲတွေချည်း ရယူနိုင်ခဲ့ပါတယ်။ ရာသီကုန်ခါနီးလေ ခြေစွမ်း ပိုတည်ငြိမ်လာလေဖြစ်တဲ့ အာဆင်နယ်ကို မန်ယူတို့ လွယ်ကူမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် မန်ယူရဲ့ အားထုတ်မှုက ပိုပြီးပီပြင်မယ်လို့ ယူဆပါတယ်။

ဆွမ်ဆီးနှင့် မန်စီးတီး

ပထမအကျော့ပွဲစဉ်မှာ မန်စီးတီးတို့ အကြိတ်အနယ် ကစားပြီးမှ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။နှစ်သင်းစလုံး အမှတ်လိုအပ်မှုဖိအားမရှိတာမို့ ဒီပွဲမှာ အိမ်ရှင်ဆွမ်ဆီးတို့ ပိုပြီးအားထုတ်လာဖို့ရှိပါတယ်။ နိုင်ပွဲတွေ ဆက်တိုက်ရရှိနေတဲ့ မန်စီးတီးဟာ ရာသီကုန်ခါနီးမှာ ပွဲတိုင်း သတိထားကစားနေပြီး အမှားအယွင်းလည်း နည်းအောင်ကြိုးစားနေတာမို့ ဆွမ်ဆီးတို့ ထင်တိုင်းမပေါက်နိုင်ပါဘူး။ ဒါပေမယ့် နယူးကာဆယ်နဲ့ စတုတ်တို့ကို နိုင်ပွဲတွေ ဆက်တိုက်ရယူလာတဲ့ ဆွမ်ဆီးရဲ့ ခြေစွမ်းကိုလည်း လျှော့တွက်လို့မရတာမို့ ဒီပွဲကို မန်စီးတီးတို့ အလေးအနက်ထားကစားမှ ရပါလိမ့်မယ်။ ဂိုးသွင်းစွမ်းရည် ပြန်လည်မြင့်မားလာတဲ့ မန်စီးတီးတိုက်စစ်မှူးတွေဟာ အဝေးကွင်းဆိုပေမယ့် ဆွမ်ဆီးနောက်တန်းကို အချိန်ပြည့်ခြိမ်းခြောက်ပြီး အခွင့်အရေးတွေ ဖန်တီးလာနိုင်တာမို့ ဆွမ်ဆီးတို့ ခံစစ်အလုံအလောက် ပြင်ဆင်ရပါလိမ့်မယ်။ လေးပွဲမှာ ၁၁ ဂိုး သွင်းယူထားတဲ့ အဂူရိုဦးဆောင်တဲ့ တိုက်စစ်မှူးတွေကလည်း ကြုံသလို ဂိုးသွင်းနိုင်ကြသူတွေဖြစ်တာမို့ အခုပွဲမှာ ဆွမ်ဆီးခံစစ်မှူးတွေ အလုပ်များနိုင်တဲ့ အခြေအနေဖြစ်ပေါ်နိုင်ပါတယ်။ ဆွမ်ဆီးဟာ အသင်းလိုက် ကစားအား ပိုကောင်းမွန်ပြီး အိမ်ကွင်းမှာ အဝင်အထွက်ရဲရဲနဲ့ ကစားတတ်တာမို့ မန်စီးတီးနဲ့ပွဲကို အနိမ့်ဆုံးတစ်မှတ်ရအောင် အပြင်းအထန် ရင်ဆိုင်ပါလိမ့်မယ်။ ဒါပေမယ့် ငါးပွဲကို ၁၀ ဂိုး သွင်းယူထားတဲ့ ဆွမ်ဆီးရဲ့ တိုက်စစ်ဟာ အလေးထားစရာဖြစ်တာမို့ မန်စီးတီးလည်း ပေါ့ဆဆကစားလို့ မရနိုင်ပါဘူး။ ကစားအားတက်နေတဲ့ မန်စီးတီးတို့ကတော့နိုင်ပွဲရဖို့ အခွင့်အရေးများနေတာအမှန်ပါပဲ။ ။

လာမယ့်ရာသီမှာ ဘိုင်ယန်နဲ့အတူရှိနေမယ်ဆိုတဲ့ ဂွါဒီယိုလာ

ဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာကို မန်စီးတီးက ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သတင်းများ ထွက်ပေါ်ခဲ့ပေမယ့် လာမယ့်ရာသီမှာ ဘိုင်ယန်မြူးနစ်မှာပဲ ဆက်လက်ရှိနေမယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ လာမယ့်ရာသီမှာ ဘိုင်ယန်မြူးနစ်နဲ့ပဲရှိနေမယ်ဆိုတာ အကြိမ်ပေါင်းများစွာ ပြောပြီးခဲ့ပါပြီလို့ အသက် ၄၄ နှစ်အရွယ် ဘာစီလိုနာ နည်းပြဟောင်း ဂွါဒီယိုလာက ဆိုပါတယ်။ ဘိုင်ယန်မြူးနစ်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ကလည်း တစ်နှစ်ကျန်သေးတဲ့အတွက် လာမယ့်ရာသီမှာ ဘိုင်ယန်မြူးနစ်နဲ့ ဆက်ရှိနေမယ်လို့ သူကဆိုပါတယ်။ မန်စီးတီးနည်းပြ ပယ်လီဂရင်းနီဟာ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ဖလားကို ချယ်လ်ဆီးသို့ လွှဲပြောင်းပေးခဲ့ရတဲ့အတွက် ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဂွါဒီယိုလာဟာ လာမယ့်ရာသီမှာ မန်စီးတီးသို့ ပြောင်းလိမ့်မယ်လို့ ဆန်းဒေးမေးလ်သတင်းစာက ဖော်ပြခဲ့ပြီးတဲ့နောက် ပယ်လီဂရင်းနီကို ဖိအားပေးမှုတွေ မြင့်တက်လာခဲ့ပါတယ်။ သို့ပေမယ့် ဂွါဒီယိုလာကတော့ ဘိုင်ယန်မြူးနစ်နဲ့ပဲ ဆက်လက်ရှိနေမယ်လို့ ဆိုပါတယ်။

လီဗာပူးကို ရောက်လာဖွယ်ရှိနေတဲ့ တိုက်စစ်မှူး ဒန်နီအင်း

ဘန်လေအသင်း တန်းဆင်းသွားပြီးတဲ့နောက် တိုက်စစ်မှူး ဒန်နီအင်းအနေနဲ့ လီဗာပူးအသင်းကိုရောက်ဖို့ ရေပန်းစားနေပါတယ်။ လီဗာပူးအနေနဲ့ ဘန်လေနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတဲ့ ဒီနှစ်ရာသီကုန်မှာ ဒန်နီအင်းကို ခေါ်ယူဖို့ မျှော်လင့်ထားပါတယ်။ အသက် ၂၂ နှစ်အရွယ် တိုက်စစ်မှူး ဒန်နီအင်းဟာ ဘန်လေမှာ ခြေစွမ်းပြကစားခဲ့တဲ့ တိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာ ဘန်လေနဲ့အတူ ၁၀ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူ့ကို ရီးရဲလ်ဆိုစီဒက် နည်းပြဒေးဗစ်မိုယက်စ်ကလည်း ခေါ်ယူဖို့ကြိုးစားနေတာပါ။ အခြားသော အင်္ဂလန်ကလပ်တွေကလည်း သူ့ကို ခေါ်ယူဖို့ အကြိမ်များစွာ ကမ်းလှမ်းမှုတွေပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် လီဗာပူးကိုပဲ ပြောင်းရွှေ့ဖွယ်ရှိနေပါတယ်။ လီဗာပူးနည်းပြ ဘရီဒန်ရော်ဂျာကလည်း ၂၀၁၅-၂၀၁၆ ရာသီအစမှာ ပြိုင်ပွဲတွေနဲ့ လချီလွဲချော်သွားနိုင်တဲ့ စတာရစ်နေရာကို အစားထိုးဖို့ ဆန္ဒပြင်းပြနေပါတယ်။ ဒီအတွက် ဒန်နီအင်းဟာ လီဗာပူးကိုရောက်လာဖို့ အတော်လေးနီးစပ်နေတဲ့ အနေအထားရှိတယ်လို့ ဘောလုံးအကဲခတ်သူတွေက ဆိုပါတယ်။

ဒေဂီယာကို ခေါ်ယူထားဖို့ မန်ယူဆုံးဖြတ်ရတော့မည်

ဂိုးသမား ဒေဂီယာကို ဆက်လက်ခေါ်ယူထားဖို့ မန်ယူအနေနဲ့ ဆုံးဖြတ်ချက်ချရတော့မှာဖြစ်ပါတယ်။ ဒေဂီယာအနေနဲ့လည်း မန်ယူမှာပဲ ဆက်လက်ကစားလိုတဲ့ ဆန္ဒပြင်းပြနေပါတယ်။ အသက် ၂၄ နှစ်အရွယ် စပိန်ဂိုးသမား ဒေဂီယာကို လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးချိန်နွေရာသီ ၂၀၁၆ ခုနှစ်မှာ ဆက်လက်ကစားနိုင်ဖို့ စာချုပ်သစ်ချုပ်ဆိုသွားဖို့ ပြင်ဆင်လျက်ရှိပါတယ်။ ဒေဂီယာဟာ ဒီနှစ်ပရီမီယာလိဂ်မှာ အစွမ်းပြကစားနိုင်ခဲ့တဲ့ ဂိုးသမားဖြစ်ပြီး ပရီမီယာလိဂ်အကောင်းဆုံး ဂိုးသမားဆုရရှိထားတဲ့ ကစားသမားဖြစ်ပါတယ်။ ဒီအတောအတွင်းမှာ ရီးရဲမက်ဒရစ်ကလည်း ၂၀၀၁ ခုနှစ်က ဂျူဗင်တပ်စ်က ပါးမားဂိုးသမား ဘတ်ဖွန်းကို ခေါ်ယူခဲ့တဲ့ ပေါင် ၃၂ ဒသမ ၆ သန်း စံချိန်ကို ချိုးပြီးခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ဒေဂီယာအနေနဲ့ မန်ယူနဲ့ကစားရတာ ပျော်ရွှင်နေပုံရပါတယ်။ ရီးရဲမက်ဒရစ်ကိုတော့ ဇာတိမြေဖြစ်တဲ့အတွက် ပြန်လိုတဲ့ဆန္ဒရှိနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မန်ယူအနေနဲ့ ဒေဂီယာကို ဆက်လက်ခေါ်ယူနိုင်ဖို့ ဆုံးဖြတ်ချက်ချရတော့မှာ ဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

ဆရာ ဦးဇော်လင်း (B.A. Korean, YUFL) ၏

"တာနယ်"

ကိုရီးယား ဘာသာသီးသန့်သင်တန်းကျောင်း

Ph: 09-400475420, 09-5418878, 09-976868569

ဦးဇော်မင်းအောင်

B.A (Korean), Y.U.F.L

(I.E.K.C.S) Song Kong Hoe University, S-Korea

ကိုရီးယားဘာသာစကားသင်တန်းကျောင်း

Centre (1)

သင်တန်းစမည့်နေ့ - 20. 5. 2015 (ဗုဒ္ဓဟူးနေ့)

သင်တန်းချိန် - 12 : 00 to 2 : 00 (PM)

သင်တန်းချိန် - 6 : 00 to 7 : 30 (PM)

Centre (2)

သင်တန်းစမည့်နေ့ - 20. 5. 2015 (ဗုဒ္ဓဟူးနေ့)

သင်တန်းချိန် - 9 : 00 to 11 : 00 (AM)

Ph. 09 450 048 814, 09 799 373 700, 09 425 292 545, 09 864 56 10

Mingalar Cinemas

သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာစံပြ

Top Royal | ဝင်းလိုက် | မြို့မ | မင်္ဂလာထွန်းသီရိ

ကြိုတင်လက်မှတ်ရောင်းပြီ

၁၅၊၅၊၂၀၁၅ ရက်မှစတင်၍

တစ်ပြိုင်တည်းပြမည်။

Mingalar Cinemas

သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | ရွှေဆောင် | နေပြည်တော်

မင်္ဂလာစံပြ | Top Royal | ဝင်းလိုက် | မြို့မ | မင်္ဂလာဒိုင်းမွန် | မင်္ဂလာထွန်းသီရိ

ချစ်စံအိမ် ၂၀၂၈

ရန်ကုန်

သမ္မတ၊ သွင်၊ မင်္ဂလာ(၁)

မင်္ဂလာစံပြ၊ Top Royal

မန္တလေး

ဝင်းလိုက်၊ မြို့မ

မြင်းခြံ - မင်္ဂလာထွန်းသီရိ

တိုက်ဆိုင်မှုရှိလျှင်

မြင်းခြံ - မင်္ဂလာထွန်းသီရိ

AVENGERS: AGE OF ULTRON(3D)

ရန်ကုန်

နေပြည်တော်(၁၊၂)

မင်္ဂလာ(၂)၊ရွှေဆောင်(၂)

မင်္ဂလာစံပြ

မန္တလေး

မင်္ဂလာဒိုင်းမွန်

မြင်းခြံ

မင်္ဂလာထွန်းသီရိ

FAST & FURIOUS7-3D

ရန်ကုန်

ရွှေဆောင်(၁)

မန္တလေး

မင်္ဂလာဒိုင်းမွန်

MAKE ME SHUDDER 3

ရန်ကုန် နေပြည်တော်(၃)

မန္တလေး

မြို့မ နံနက်(၁၀း၀၀)နာရီ

၁၅ . ၅ .၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ

ပွဲချိန်သတိပြု - ၁၀း၀၀နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ



အမည်ပြောင်း

တောင်ကြီးမြို့၊ အမက(၄) မူလွန်၊ တတိယတန်းအောင်မှ နန်းရွှေရည်ဝင်းအား ယနေ့မှစ၍ နန်းခိုင်ချိုဝင်းဟု ပြောင်းလဲခေါ်ပါရန်။

နန်းခိုင်ချိုဝင်း

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၈ယ/၅၈၅၆၁၊ Zong Shan ယာဉ်လက်ဝယ်ရှိသူ ဦးတင်စောဝင်း ၁၃/ညရန(နိုင်)၀၅၀၂၉၇က (ကမ- ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(တောင်ကြီး)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၆ယ/၆၄၄၉၆၊ Honda ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွန်းဦး ၁၃/တကန(နိုင်)၃၁၂၁၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (တောင်ကြီး)

အမည်ပြောင်း

ဦးမျိုးကျော် ၁၄/ဘကလ(နိုင်)၁၄၃၉၈၇၏သမီး ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ အထကကျောင်း သတ္တမတန်း(က)မှ မဇင်လင်းဝေအား မဆွေရည်လင်းလက်ဟု ပြောင်းလဲခေါ်ပါရန်။

မဆွေရည်လင်းလက်

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၈င/၈၄၆၉၊ လိုက်ထရပ် ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းထွန်းအောင် ၁၃/ဟပန(နိုင်)၀၀၀၁၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (တောင်ကြီး)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၇ယ/၄၈၇၉၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာလှိုင် ၂/လကန(နိုင်)၀၅၁၄၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လွိုင်ကော်)

[illegible]

၃-၅-၂၀၁၅ရက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါ ဒေါ်သိန်းသိန်းအေးနှင့် အများသိစေရန် ကန့်ကွက်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြို့သစ်၊ မြေကွက်အမှတ် ၃၁၈၊ နှစ် ၆၀ ဂရန်မြေ အမျိုးအစား ဒေါ်မမ(အမည်ပေါက်)ပိုင်ဆိုင်သောမြေမှာ ဖခင်(ဦးဘသန်း)၊ မိခင်(ဒေါ်ရီ)တို့မှ ပိုင်ဆိုင်သောမိသားစုပိုင်မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ကို ၃-၅-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာအချပ်ပိုပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဒေါ်သိန်းသိန်းအေးက အမည်ပြောင်းလျှောက်ထားလာသည့် ကြော်ငြာအား မိသားစုဝင်တစ်ယောက်အနေဖြင့် ကန့်ကွက်ပါကြောင်း ဒေါ်သိန်းသိန်းအေးနှင့်အများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

ဦးဝင်းအောင်

၁၂/ဒပန(နိုင်)၀၀၂၄၇၂

အမှတ် ၂၂၀၊ ရတနာသီရိလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဥတုရာသီ တောကိုမှီ

ASIA GROUP

TWO ELEPHANT ASIAGROUP CO., LTD

၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့ ရွှေပြည်သာစက်မှုဇုန်တွင် ကျင်းပပြုလုပ်သော
Two Elephant Asiagroup ကုမ္ပဏီသစ်ဖွင့်ပွဲသို့ တက်ရောက်၍မိန့်ခွန်းပြောကြားပေးပါသော
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊
ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် နိုင်ငံအသီးသီးမှ တက်ရောက်ပေးပါသော
လုပ်ငန်းရှင်ကြီးများ၊ မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ဧည့်သည်တော်မိတ်ဆွေသင်္ဂဟများနှင့်
အခမ်းအနားအောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော Myanmar EMC မှအဖွဲ့သားများအားလုံး
နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

TWO ELEPHANT ASIAGROUP

CERT N.: 2014-0524 ISO 14001 : 2004
CERT N.: OHS-2014-0519 BS OHSAS 18001 : 2007
CERT N.: 2011-2-2022 ISO 9001 : 2008

ငလျင် သို့မဟုတ် လျှပ်တစ်ပြက်ရန်သူ (အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

ငလျင်ဟု ဆိုလိုက်လျှင် ကြားရသူတိုင်းက စိတ်မသက်သာဖြစ်ခြင်းကို ခံစားကြရလေ့ရှိသည်။ ကမ္ဘာ့နေရာဒေသအနှံ့တွင်လှုပ်ခဲ့ဖူးသော သန်းနှင့်ချီသည့် ငလျင်အမျိုးမျိုးတို့သည် လူနှင့်တိရစ္ဆာန်တို့ကို ဘေးအန္တရာယ်ကျရောက် စေခဲ့ရုံမျှမက သဘာဝပထဝီသွင်ပြင်အနေအထားများကိုပါ ပြောင်းလဲသွားစေခဲ့သည်။ ငလျင်၏ ဘေးဒဏ်ကိုဆိုးဆိုးရွားရွား ခံစားခဲ့ကြရဖူးသူများသည် မြေငလျင်အိပ်မက်ဆိုးများကိုပင် မကြာခဏမက်လေ့ရှိကြသည်။

ငလျင်ဟူသည်မှာ ရှောင်လွှဲ၍ မရနိုင်သော သဘာဝဘေးအန္တရာယ်တစ်မျိုးဖြစ်သလို၊ ကြိုတင်မသိရှိနိုင်သော လျှပ်တစ်ပြက်ရန်သူလည်းဖြစ်သည်။ ငလျင်လှုပ်ခြင်းသည် မြေစောင့်နတ်မင်းက ဒဏ်ခတ်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ မြေအောက်ရှိ ဧရာမသတ္တဝါကြီး အိပ်ပျော်နေရာမှ နိုးထလာခြင်းဖြစ်သည် ဟူ၍လည်းကောင်း ရှေးခေတ်လူတို့က စွဲမှတ်ယုံကြည်ခဲ့ကြသည်။

အကယ်စင်စစ်အားဖြင့် ငလျင်လှုပ်ခြင်းမှာ ကမ္ဘာ့ကျောက်လွှာချပ်ကြီးများ တစ်ခုနှင့်တစ်ခု တွန်းတိုက်ရွေ့လျားခြင်းပင်ဖြစ်သည်။ ဤမြေကမ္ဘာကြီးသည် အက်ပြီး မကွဲသေးသော ကြက်ဥပမာပင်ဖြစ်သည်။ အက်ကြောင်းများကြောင့် ပြတ်ထွက်နေသော်လည်း အကာပိုင်းရှိအကျိအခွံများနှင့် ကပ်ငြိနေသည့်အတွက် ဝေးရာသို့ကွဲကွာသွားခြင်းမရှိသော ကြက်ဥအခွံကွဲစကလေးများနှင့် သဏ္ဍာန်တူသည်။ ကျောက်လွှာချပ်ကြီးများပေါ်၌ ကမ္ဘာ့တိုက်ကြီးများက ပေါလောမျောလျက် တည်ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို ကျောက်လွှာချပ်အစုအဖွဲ့ပေါင်း ၂၀ ခန့်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းကျောက်လွှာချပ်များသည် တစ်ခါတစ်ရံ တစ်ခုနှင့်တစ်ခု တွန်းတိုက်မိကြသလို၊ တစ်ခါတစ်ရံ၌မူ တစ်နေရာဆီသို့ ကွဲထွက်သွားလေ့ရှိကြသည်။ ကျောက်လွှာချပ်ကြီးများ ရွေ့လျားကြသည့်အခါ ကမ္ဘာ့တိုက်ကြီးများကလည်း ယင်းတို့နှင့်အတူ လိုက်ပါရွေ့လျားရင်း တည်နေရာနှင့်တည်နေပုံများက အခါအားလျော်စွာပြောင်းလဲနေကြသည်။

သာဓကအားဖြင့် အတ္တလန္တိတ်သမုဒ္ဒရာခြားနေသော တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၃၅ သန်းခန့်က တစ်ဆက်တစ်စပ်တည်း တည်ရှိနေခဲ့ကြရာမှ ကျောက်လွှာအချပ်ကြီးများ၏ ရွေ့လျားမှုကြောင့် လိုက်ပါရွေ့လျားရင်း ပထဝီအနေအထားပြောင်းလဲလာခဲ့ကြသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြပြီ ဖြစ်သည်။

တောင်အာဖရိကတိုက်ရှိ အရှေ့အနောက်သွယ်တန်းနေသော တောင်စဉ်တောင်တန်းများနှင့်တောင်အမေရိကတိုက်၊ အာဂျင်တီးနားနိုင်ငံရှိ အရှေ့အနောက် သွယ်တန်းနေသော တောင်စဉ်တောင်တန်းများသည် သွင်ပြင်လက္ခဏာအားဖြင့် ရာနှုန်းပြည့်နီးပါး တူညီနေကြခြင်းသည် လည်းကောင်း၊ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်တို့၌ပေါက်ရောက်ခဲ့သော ရှေးအလွန်ကျသည့်သစ်ပင်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ထပ်တူထပ်မျှဖြစ်နေခြင်းသည်လည်းကောင်း၊ အတိတ်ကာလက တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့ တစ်ဆက်တစ်စပ်တည်း တည်ရှိနေခဲ့ကြခြင်း၏ ခိုင်လုံသော အထောက်အထားများပင်ဖြစ်ကြသည်။

ကမ္ဘာ့မြေ၏ နက်ရှိုင်းသောအတွင်းပိုင်းရှိ ပူလောင်နေသည့်ကျောက်ချော်ရည်များသည်မြင့်မားသော ဖိအားနှင့် တွန်းကန်မှုတို့ကြောင့် ကမ္ဘာ့မျက်နှာပြင် အခွံပိုင်းသို့ တိုးထွက်ရောက်ရှိလာကာ အခွံလွှာအသစ်ကို ဖြစ်ပေါ်လာစေသည်။ အသစ်ဖြစ်ပေါ်လာသည့်အခွံလွှာ၏ အောက်သို့ရောက်ရှိသွားသော မူလအခွံဟောင်းမှာ အလွန်ပူလောင်နေသည့် အတွင်းပိုင်းထိတိုင် ကျရောက်သွားပြီး အရည်ပျော်သွားကြသည်။ ဤနည်းအားဖြင့် ကမ္ဘာ့မြေမျက်နှာပြင်အခွံပိုင်းသည် အမြဲတမ်းပြောင်းလဲလျက်ရှိနေသည်။

ရှေးခေတ်ပထဝီပညာရှင်တို့က သမုဒ္ဒရာကြမ်းပြင်ဟူသည်မှာ ကုန်းမြေတိုက်ကြီးများ၏ အနိမ့်ပိုင်းနေရာများဖြစ်သည်ဟု ယူဆထားခဲ့ကြသည်။ သို့ရာတွင် သမုဒ္ဒရာကြမ်းပြင်များ တည်ရှိနေသော ကျောက်လွှာချပ်ကြီးများသည် ကမ္ဘာ့တိုက်ကြီးများ တည်ရှိနေသည့် ကျောက်လွှာချပ်ကြီးများနှင့် တစ်ဆက်တစ်စပ်တည်းမဟုတ်သလို မြေလွှာတစ်မျိုးတည်းဖြင့် ဖွဲ့စည်းထားခြင်းလည်း မဟုတ်ပေ။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို နှမ်းဖတ်ကျောက်နှင့်တူသော ဆီလီကွန်နှင့် အလူမီနီယံတို့ရောနှောနေသည့် ကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး သမုဒ္ဒရာကြမ်းပြင်များကိုမူ ဆီလီကွန်နှင့်မဂ္ဂနီဆီယံတို့ ရောနှောနေသည့် Basalt ခေါ် မီးတောင်ချော်နက်ကျောက်လွှာချပ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ကမ္ဘာ့တိုက်ကြီးများ၏ ကျောက်သားမြေလွှာများသည် ယင်းတို့ထက်ပို၍လေးလံမာကျောသော သမုဒ္ဒရာကြမ်းပြင်မီးတောင်ချော်နက်ကျောက်များပေါ်၌ တည်ရှိနေကြသည်။ ကမ္ဘာ၏နက်ရှိုင်းသော အတွင်းပိုင်းတွင် အလွန်ပူလောင်ပြီး အရည်ပျော်နေသည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် သမုဒ္ဒရာကြမ်းပြင်ကွဲထွက်ရာ အက်ကြောင်းများမှတစ်ဆင့် တိုးထွက်လာပြီး အပေါ်ယံသို့ ရောက်ရှိသည့်အခါအေး၍မာကျောသွားကြပြီး သမုဒ္ဒရာကြမ်းပြင်အသစ်ကို ဖြစ်ပေါ်လာစေသည်။

သာဓကအားဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကြမ်းပြင်သည် အက်ကွဲကြောင်း၏ တစ်ဖက်တစ်ချက်ဆီသို့ ရွေ့လျားလျက်ရှိနေသည်။ သို့ရာတွင် ရွေ့လျားသည့် နှုန်းအလွန်နှေးကာ တစ်နှစ်တာအတွင်း စင်တီမီတာ အနည်းငယ်မျှသာ ခရီးပေါက်ရောက်သည်။ ယင်းကဲ့သို့ ရွေ့လျားနေကြရင်း ကမ္ဘာ့တိုက်ကြီးများ၏ အစွန်းသို့ ရောက်ရှိလာသည့်အခါ ပိတ်ဆို့ခံရသကဲ့သို့ဖြစ်ပြီး၊ တိုက်ကြီးများ၏ အောက်သို့ ဝင်ရောက်ကျဆင်းသွားသည်။ နက်ရှိုင်းသည့်အတွင်းပိုင်းသို့ အရောက်တွင် ပြင်းထန်လွန်းသော အပူရှိန်ကြောင့်အရည်ပျော်သွားသည်။ ဤနည်းဖြင့်သမုဒ္ဒရာကြမ်းပြင်တို့သည် အမြဲတမ်းဆိုသလို အသစ်နှင့်အဟောင်း လဲလှယ်ဖြစ်ပေါ်လျက်ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ကျောက်လွှာချပ်ကြီးများ၏ ရွေ့လျားမှုကြောင့် ကွဲထွက်ရာမှအက်ကွဲကြောင်းများကို ဖြစ်ပေါ်လာစေသည်။ ကမ္ဘာ့ဒေသအနှံ့ တွင်လှုပ်ခဲ့သော ငလျင်များ၏ ၉၀ ရာခိုင်နှုန်းခန့်သည်ပြတ်ရွေ့ကြောင်း (Fault) ဟုခေါ်ဆိုနေကြသော အဆိုပါအက်ကွဲကြောင်းများ တစ်လျှောက်နှင့် အနီးတစ်ဝိုက်၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ သမုဒ္ဒရာရေပြင်အောက် တောင်တန်းများအထိ ရောက်ရှိသော ယင်းအက်ကွဲကြောင်းများမှတစ်ဆင့် နက်ရှိုင်းသော အတွင်းပိုင်းရှိ အလွန်ပူလောင်သည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် ပြင်းထန်စွာ ပေါက်ကွဲပြီး အပြင်သို့ တိုးထွက်လာကြကာ၊ ကျောက်လွှာချပ်များကို တွန်းတိုက်ရွေ့လျားစေခြင်းဖြင့် ပြင်းထန်သော ငလျင်များကို ဖြစ်ပေါ်လာစေသည်။

(ဆက်လက်ဖော်ပြပါမည်)

ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/ 8374၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)

ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/ 8370၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)



ရောင်းမည်

ဆန်စက်ရိုလာများထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းများ ရောင်းရန်ရှိသည်။(လက်ရှိအသုံးပြုနိုင်သော စက်ပစ္စည်းများ ဖြစ်ပါသည်။)

ဆက်သွယ်ရန် ဖုန်း-၃၈၁၀၁၀၊ ၃၈၁၀၆၆ (ရုံးချိန်)

ချင်းပြည်နယ် ပလက်ဝမြို့တွင် ပလက်ချောင်းတံတားဖွင့်

ပလက်ဝ မေ ၁၃

ချင်းပြည်နယ် ပလက်ဝမြို့ အရှေ့ဘက်ရှိ ပလက်ချောင်းတံတား ဖွင့်ပွဲကို မေ ၉ ရက်က အဆိုပါ တံတားမုခ်ဦး၌ ကျင်းပရာ ချင်းပြည်နယ် သတ္တုနှင့်သစ်တော ရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုငွေကျပ် သန်း ၂၄၀ ဖြင့် BMEC ကုမ္ပဏီက ၂၃-၃-၂၀၁၄ ရက်တွင် စတင်ဆောက်လုပ်ပြီး မေ ၉ ရက်တွင် အပြီးတည်ဆောက်နိုင်ခဲ့ရာ တံတားအကျယ် ၁၂ ပေ၊ အရှည် ပေ ၂၄၀၊ သံပေါင် ဘေလီတံတားဖြစ်ကြောင်း သိရသည်။

ပလက်ချောင်း တံတားသည် ပလက်ဝမြို့နှင့် တွီတင်းကျေးရွာအုပ်စုကို ဆက်သွယ်ပေးသော တံတားဖြစ်သည့်အတွက် ဒေသခံပြည်သူများ ရာသီမရွေးသွားလာနိုင်သော တံတားဖြစ်သည့်အပြင် အိန္ဒိယ-မြန်မာကားလမ်း၊ ပလက်ဝ-ကျောက်တော်ကားလမ်းနှင့် ပလက်ဝ-မတူပီကားလမ်းများနှင့် ချိတ်ဆက်ထားသည့်အတွက် ပလက်ဝမြို့နယ်ကို ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့နှင့် ဆက်သွယ်သွားလာနိုင်သည့် ကွန်ရက်သဖွယ် ဆက်သွယ်ပေးသော တံတားဖြစ်ကြောင်း သိရသည်။

ပလက်ဝ-မတူပီ ကားလမ်း၊ မီးချောင်းတံတား၊ ပလက်ချောင်း တံတားများ ဖွင့်လှစ်ပေးသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် ဝမ်းမြောက်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ကျော်ဦး(IPRD)

မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ရန်ကုန် မေ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ စက်ဆန်းအောက်ရုံ အလတ်ချောင်းရပ်ကွက်ရှိ ပြည်သူများအား မေ ၉ ရက်တွင် ချောင်းဝဘုန်းကြီးကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကြည်လင်းက နိုင်ငံသား စိစစ်ရေးကတ်ပြားများနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီး ၅၀၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခဲ့သည်။ **မောင်တင်လှ**

ဝန်ထမ်းအိမ်ရာတိုက်များ ၇၅ ရာခိုင်နှုန်း ပြီးစီး

ရမည်းသင်း မေ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနက ရမည်းသင်းမြို့တွင် လေးခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာနှစ်လုံးကို ဆောက်လုပ်ရန် တင်ဒါခေါ်ခဲ့ရာ အေးရိပ်မွန်ဆောက်လုပ်ရေးကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့သဖြင့် ရမည်းသင်းမြို့ စီဗီလိုင်းရပ်ကွက်တွင် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါအိမ်ရာများမှာ မေ ၁၁ ရက်အထိ တည်ဆောက်ရေးလုပ်ငန်းများမှာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ အလားတူ တင်ဒါအောင်သည့်ဆောက်လုပ်ရေးကုမ္ပဏီများကလည်း လေးခန်းတွဲ သုံးထပ်တိုက်တစ်လုံးစီ တင်ဒါအောင်၍ ဆောက်လုပ်လျက်ရှိသည်။ ယင်းလေးခန်းတွဲ သုံးထပ်တိုက်လေးလုံးပြီးစီးပါက ဝန်ထမ်းမိသားစု ၄၈ ဦး နေထိုင်သွားနိုင်မည်ဖြစ်သည်။ ယင်းတိုက်ခန်းများကို ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားနေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၁၁)**

ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးသင်တန်းဖွင့်

ရန်ကုန် မေ ၁၃

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်း အမှတ်စဉ် ၁/၂၀၁၅ ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက်က ကြည့်မြင်တိုင်မြို့မရဲစခန်း၌ ကျင်းပသည်။ အခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးစိုးသင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်သန်းက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဟောပြောခဲ့သည်။ သင်တန်းကာလမှာ မေ ၁၁ ရက်မှ ၁၅ ရက်အထိဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ခဲ့သည်။ **ဘော်ဂါသွေး**

မြိုင်မြို့နယ်၌ လေပြင်းတိုက်၊ လူနေအိမ်နှင့်ကျောင်းများပျက်စီး

မြိုင် မေ ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မြောက်ပိုင်းရှိ ငွေအောင်ကျေးရွာအုပ်စု ချောင်းဆုံအုပ်စု၊ ပန်းစွာအုပ်စုနှင့် ဘုန်းကြီးကန်ကျေးရွာအုပ်စုတို့တွင် မေ ၈ ရက် ည ၁၁ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပျက်စီးသွားသော ကျေးရွာများသို့ မြိုင်မြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးကော်မတီ၊ မြို့နယ်ဒုအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းနှင့် အဖွဲ့တို့ ကွင်းဆင်းစစ်ဆေးကြသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကန်ကျေးရွာအုပ်စု အထက(ခွဲ) မူကြိုကျောင်းဆောင်၊ ချောင်းဆုံကျေးရွာအုပ်စု အလက(ခွဲ)၊ အေးချမ်းသာစံပြ ပင်မဆောင်၊ ငွေအောင်အုပ်စု မူလွန်ကျောင်း ပင်မဆောင်၊ ပန်းစွာကျေးရွာ အလက(ခွဲ)၊ ငွေအောင်ကျေးရွာအုပ်စု အမက(ပန်းတော်ပြင်)နှင့် ပန်းတော်ပြင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း သွပ်မိုးအုတ်ကာ အုတ်တံတိုင်း ၆၄ ခန်း ပျက်စီးခဲ့သည်။

ငွေအောင်ကျေးရွာအုပ်စု ပန်းတော်ပြင်ကျေးရွာတွင် နေအိမ် ၆၆ လုံးနှင့် ချောင်းဆုံကျေးရွာအုပ်စု၊ အေးချမ်းသာစံပြကျေးရွာမှ အဆောက်အအုံ ၄၁ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(၁၈၄)**

ပြည်သူလိုတာလုပ်ဖို့ရာ ကျရာအခွန်ပေးဆောင်ပါ

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး

သီပေါ မေ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓမ္မာရုံ၌ ရွေးကောက်ပွဲအတွက် လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက်က ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေနှင့် စခန်းမှူးများ၊ သင်တန်းသား ၅၀ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစေရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လုံခြုံရေးကိစ္စများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ကော်မရှင်လုပ်ငန်းဆိုင်ရာများ၊ ၂၀၁၀ ရွေးကောက်ပွဲမှ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားသည်။

စိုင်း(သီပေါ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

